# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)


၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက် | ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ် (၁၀၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



(၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အပိတ် မနောအကကို ရိုးရာအစဉ်အလာနှင့်အညီ တပျော်တပါး စုပေါင်းကကြစဉ်။

## (၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ စည်ကားသိုက်မြိုက်စွာကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်

မြစ်ကြီးနား ဇန်နဝါရီ ၁၀

(၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်း၏၊ ဦးမျိုးသန့်၊ ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်နှင့် ဦးဇော်အေးမောင်တို့ တက်ရောက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ယနေ့** *ဖတ်စရာ*

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အထိမ်းအမှတ် ငြိမ်းချမ်းသာယာ ရေကူးကန်ဖွင့်လှစ်ပေး** — ပြည်တွင်းသတင်း စာ - ၆

**အဂတိပယ်ခွာ ပြည်သာယာဖို့ 1111 ကို ဖြေကြားစို့** — ဆောင်းပါး စာ - ၁၀

**အမေရိကန်တွင် လျင်မြန်စွာကူးစက်ပျံ့နှံ့လာသည့် အိုမီခရွန်မျိုးကွဲ XBB.1.5** — နိုင်ငံတကာရေးရာ စာ - ၁၄

မြန်မာ့အလင်း

# လူဦးရေစာရင်း ကောက်ယူမှုများတွင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကို ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ အတိအလင်းချမှတ်ပြီး အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်" ဟူသော ရှေ့လုပ်ငန်းစဉ်ကိုလည်း အကောင်အထည်ဖော်လျက်ရှိသည်။

သတ်မှတ်ကာလအတွင်း လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပနိုင်ရန်မှာ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးသည် အရေးကြီးသည့်အလျောက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးနိုင်ရန် ရပ်ကွက်/ကျေးရွာများအလိုက် တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့ (Working Group) များက အချိန်နှင့်တစ်ပြေးညီ စာရင်းကောက်ယူလျက်ရှိကြသည်။ မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် အလေးထားဆောင်ရွက်ခြင်းသည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သော မဲမသမာမှုမျိုး နောက်ထပ်မဖြစ်ပွားစေရန်၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအကြား အငြင်းပွားမှုများ ထပ်မံမဖြစ်ပေါ်စေရန် ဆောင်ရွက်ခြင်းဖြစ်ရာ ပြည်သူလူထုအနေဖြင့် မိမိတို့နေထိုင်ရာ ရပ်ကွက်/ကျေးရွာတွင် အိမ်ထောင်စု လူဦးရေစာရင်း ကောက်ယူမှုများကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုသည်။

"ရွေးကောက်ပွဲ ကျင်းပချိန်တွင် မဲပေးခြင်း၊ မပေးခြင်းသည် လူတစ်ဦးချင်း၏ ဆန္ဒဖြစ်ပြီး လူတိုင်းမဲပေးနိုင်အောင် ပြုလုပ်ပေးခြင်းသည် အစိုးရ၏ တာဝန်ပင်ဖြစ်ကြောင်း၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ မိန့်ခွန်းတွင် ပြောကြားခဲ့သည့်အတိုင်း ပြည်သူများအနေဖြင့် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ ဖိအားပေးမှု ကင်းရှင်းစွာဖြင့် တစ်ဦးချင်း၏ ဆန္ဒကို ဖော်ထုတ်မဲပေးနိုင်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မှတ်ကျောက်တင်ခံရသည့် ရွေးကောက်ပွဲတစ်ခုဖြစ်စေရေး မိမိတို့အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား ဇန်နဝါရီ ၆ ရက်က တွေ့ဆုံလမ်းညွှန်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ ပြည်သူလူထုအနေဖြင့် မိမိတို့၏ လွတ်လပ်သော ဆန္ဒသဘောထားများနှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်နိုင်ရန်အတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အချိန်နှင့်တစ်ပြေးညီ ကျင်းပနိုင်ရေးပါဝင်ကူညီပေးကြရမည်ဖြစ်သည်။

ယခုအခါ ပြည်တွင်း ပြည်ပမှ အကြမ်းဖက်အဖွဲ့များဖြစ်သော NUG၊ CRPH၊ PDF တို့က မဲစာရင်းမှန်ကန်ရေး ဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတို့ ဖြစ်ပေါ်လာခြင်းမရှိစေရန် ဟန့်တားခြိမ်းခြောက်နှောင့်ယှက်မှုများကို ပြုလုပ်လျက်ရှိကြသည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ အနှစ်သာရပင်ဖြစ်ရာ ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီကို ဖော်ဆောင်နိုင်ရေးအတွက် အကြမ်းဖက် ခြိမ်းခြောက်နှောင့်ယှက်မှုများကို ဝိုင်းဝန်းဆန့်ကျင် ရှုတ်ချကြရန်နှင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တက်ကြွစွာပါဝင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် –

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးတင်ကိုကိုနိုင် | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမားဝန်ကြီးဌာန |
| ( ခ ) ဒေါက်တာအေးအေးဟန် | ပါမောက္ခချုပ်<br>မြင်းခြံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ယဉ်ဦး ကို ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မြိတ်တက္ကသိုလ်တည်ထောင်ခြင်း (၂၄) နှစ်ပြည့် အထိမ်းအမှတ်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ မြိတ်တက္ကသိုလ်တည်ထောင်ခြင်း (၂၄) နှစ်ပြည့် အထိမ်းအမှတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ် ပင်မဆောင်ရင်ပြင်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြိတ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြိတ်တက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်၏ ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြိတ်တက္ကသိုလ် ဌာနပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၏ ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများကိုလည်းကောင်း၊ ဈေးရောင်းပွဲတော်တွင် ဌာနလိုက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ မြန်မာ့ရိုးရာ စားသောက်ဖွယ်ရာများ ရောင်းချနေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **သတင်းစဉ်**



# ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရတနာပုံတောရကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ (IBEC)၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေဟင်္သာတောရကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ကျော်အောင်စံထားကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဇေယျာမြိုင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံပရိယတ္တိ စာသင်တိုက်နှင့် သာကေတမြို့နယ်ရှိ သာသနာဟိတပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သီရိနော်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ အောင်မြေရတနာပရိယတ္တိ စာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ရှမ်းစုဆီးဘန်နီကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဥသာကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ သာသနာ့ရံသီပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ဓမ္မသိပ္ပံပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ပန်အုပ်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၂၆) မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၀၄၁၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၅၂၁ ဦးနှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၂၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများအတွက် ဆက်သွယ်မေးမြန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၀**

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပါသဖြင့် ပြိုင်ပွဲဖိတ်ခေါ်စာအား နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိလိုပါက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ စီမံကိန်းဌာန၊ ဖုန်းအမှတ် ၀၆၇ ၃၄၀၁၇၄၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ညအပူချိန်များ လျော့နိုင်

**နေပြည်တော် ဇန်နဝါရီ ၁၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ **မိုး/ဇလ**

❖ ရှေ့ဖုံးမှ

တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာညှော့ကြိုအကဖြင့် ဂုဏ်ပြု ကြိုဆိုကြသည်။

**သဝဏ်လွှာဖတ်ကြား**

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က ဖတ်ကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ကချင်ပြည်နယ်အစိုးရအဖွဲ့အတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြား (Solar Home System Planens 120 w) အစုံ ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။

**တပျော်တပါး စုပေါင်းက**

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်ရှေ့ မနောကွင်း၌ (၇၅)နှစ်မြောက်စိန်ရတု ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အပိတ် မနောအကကို ဦးဆောင်အဖွဲ့မှ ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့များ၊ ဖိတ်ကြားထားသောအထူးညှော့သည်တော်များ၊ ကချင်၊ ရှမ်းနှင့် ဗမာတိုင်းရင်းသားမျိုးနွယ်စုများ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြစ်ကြီးနားသူနာပြုသင်တန်းကျောင်းနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းမှ သင်တန်းသား/ သင်တန်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ရိုးရာအစဉ်အလာနှင့်အညီ တပျော်တပါး စုပေါင်းကကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ကချင်ပြည်နယ်နေ့သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီးနောက် ဇန်နဝါရီ ၁၀ ရက်တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ၏ ပထမဆုံးသော အစည်းအဝေးကို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က ဖတ်ကြားစဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် (၇၅) နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ အခမ်းအနားတွင် နှုတ်ခွန်းဆက် အမှာစကားပြောကြားစဉ်။

မြစ်ကြီးနားမြို့ စီတာပူမနောကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ၏ ပထမဆုံးသော သမ္မတ စဝ်ရွှေသိုက်ကိုယ်တိုင်တက်ရောက်၍ ဝန်ကြီးချုပ် ဦးနုနှင့်အတူ မနောမဏ္ဍပ်ကို ဖွင့်လှစ်အလံတင်ကာ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သဖြင့် ယင်းနေ့ကို ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်၍ နှစ်စဉ်ကျင်းပရာ ယခုနှစ်တွင် (၇၅)နှစ်မြောက် စိန်ရတုကို ရောက်ရှိခဲ့ပြီ ဖြစ်သည်။

**ဂုဏ်ထူးဆောင်ဆု ချီးမြှင့်**

ဆက်လက်၍ (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးအတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို ဂုဏ်ထူးဆောင်ဆုများနှင့် မှတ်တမ်းတင် ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်အပ်နှင်းနိုင်ရေးဆောင်ရွက်ခဲ့မှုကို ရှင်းလင်းပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပြီး

*စာမျက်နှာ ၄ သို့*





ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးအတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို ဂုဏ်ထူးဆောင်ဆုများနှင့် မှတ်တမ်းတင် ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ အမိနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများ၊ လူငယ်၊ လူရွယ်များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုးစားထမ်းဆောင်ကြရေး တိုက်တွန်းမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး အောင်ကြည်လင်းက ဂုဏ်ထူးဆောင်ဆုနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး ဥပဒေနှင့်အညီ စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ဂုဏ်ထူးဆောင်ဆုနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများကို ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းတို့က စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ပထမအဆင့်)ရ ပုဂ္ဂိုလ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများက စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ဒုတိယအဆင့်)နှင့် (တတိယအဆင့်)ရပုဂ္ဂိုလ်များ၊စီးပွားရေးဆိုင်ရာ(ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်) ရပုဂ္ဂိုလ်များနှင့် မှတ်တမ်းတင် ဂုဏ်ပြုလွှာရရှိသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများက (၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာနှင့်အခြေခံပညာတို့မှ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား/ ကျောင်းသူများကိုလည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သာသနာရေးဆိုင်ရာများလျှောက်ထား**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးတို့သည် မြစ်ကြီးနားမြို့ အံတော်ရှင်းကျောင်းတိုက်သို့ သွားရောက်ပြီး ဝန်သိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေတုမာလာနှင့် ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ ဆရာတော်/ သံဃာတော်များထံ

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ပထမအဆင့်) ရရှိသူ တစ်ဦးအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မြစ်ကြီးနားမြို့နယ်အတွင်းရှိ ခရစ်ယာန်အသင်းတော်များမှ ဖာသာများ၊ သိက္ခာတော်ရဆရာများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် စိန့်ကိုလန်ဘန်ကက်သလစ်အသင်းတော်အတွက် သစ်သီးခြင်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ဆန်အိတ် ၂၀၊ ဆီ ငါးပုံးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၄ မှ*
ဆန်အိတ် ၂၀၊ ဆီ ငါးပုံးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက် အတွင်းရှိ စိန့်ကိုလန်ဘန်ကက်သလစ်အသင်းတော် ဘုရားကျောင်းသို့ သွားရောက်ပြီး မြစ်ကြီးနားမြို့နယ် အတွင်းရှိ ခရစ်ယာန်အသင်းတော်များမှ ဖာသာများ၊ သိက္ခာတော်ရဆရာများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အပြန်အလှန် မိတ်ဆက်ကြပြီး အသင်းတော်များ အတွက် သစ်သီးခြင်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**






# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ တက်ရောက်

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

(၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ယနေ့ ညပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။**(အပေါ်ပုံ)**

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်း၏၊ ဦးမျိုးသန့်၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်**

ညစာစားပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ကျရောက်သည့် စိန်ရတုကချင်ပြည်နယ်နေ့မှသည် မိမိတို့၏ စည်းလုံးညီညွတ်မှုကို ပြသပြီး နိုင်ငံတော်နှင့် ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များက ရိုးရာယဉ်ကျေးမှုအကအလှများ၊ ခေတ်ပေါ်သီချင်းသရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်သို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်

**ပဲခူး ဇန်နဝါရီ ၁၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကို ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှေ့၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်မုခ်ဦးအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပညာရေးစုံညီပွဲတော်အား ဆက်လက်ကျင်းပရာ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက စုံညီပွဲတော် တို့နွဲပျော် သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ခေတ်မီနိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် ထူးချွန်ထက်မြက်သည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ ပေါ်ထွက်လာနိုင်စေရေး၊ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးနှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အထူးအလေးထား ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစိုးလွင်က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုအဆင့် စာပေ၊ ဂီတ၊ အနုပညာပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လည်းကောင်း၊ တိုင်းဒေသကြီးအဆင့် စာပေ၊ ဂီတ၊ အနုပညာ ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား အစိုးရအဖွဲ့ တာဝန်ရှိသူများကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(ယာပုံ)** ယင်းနောက် အမှတ်(၁) အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ကပြဖျော်ဖြေတင်ဆက်ခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အကအဖွဲ့များအား ဂုဏ်ပြုငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရာပြည့်ခန်းမ၌ ကျောင်းသား ကျောင်းသူလေးများ၏ ဘာသာရပ်အလိုက် လက်တွေ့သရုပ်ပြသနေမှု ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အထိမ်းအမှတ် ငြိမ်းချမ်းသာယာ ရေကူးကန်ဖွင့်လှစ်ပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ငြိမ်းချမ်းသာယာရေကူးကန်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

မြစ်ကြီးနား ဇန်နဝါရီ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် ယနေ့မွန်းလွဲပိုင်းတွင် (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ငြိမ်းချမ်းသာယာအားကစားကွင်းအတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ငြိမ်းချမ်းသာယာ ရေကူးကန်ဖွင့်ပွဲသို့ တက်ရောက် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ငြိမ်းချမ်းသာယာ ရေကူးကန်ဖွင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း တို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာ ညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဦးဇော်အေးမောင်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီးများက ငြိမ်းချမ်းသာယာရေကူးကန်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## တန်ဖိုးအကြီးဆုံး ရေကူးကန်

အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ကချင်ပြည်နယ်အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင် တန်ဖိုးအကြီးဆုံး အမိုးအကာပါ ရေကူးကန်အသစ်ကို ပထမဦးဆုံး တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် မှတ်တမ်းတင်ဂုဏ်ယူပါကြောင်း၊ နိုင်ငံတကာအဆင့်မီ ရေကူးကန်ဖြစ်သည့်အတွက် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားသည်။

ထို့နောက် ရေကူးကန်ကို တာဝန်ယူ တည်ဆောက်ခဲ့သည့် မြန်မာမိတ်ကာဟုမ်း ကုမ္ပဏီမှ ရေကူးကန်ဆိုင်ရာ အချက်အလက်များကို လွှဲပြောင်းပေးအပ်ရာ ပြည်နယ် လူမှုရေးရာဝန်ကြီးက လက်ခံရယူသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ယင်းနောက် ငြိမ်းချမ်းသာယာ ရေကူးကန်သစ်ကို ပြည်ထောင်စု ဝန်ကြီးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ရေကူးကန်ဆိုင်းဘုတ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တက်ရောက်လာကြသူများက ရေကူးကန်ကို လှည့်လည်ကြည့်ရှုကြသည်။

## ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

ထို့နောက် သက်တမ်းအလိုက် ရေကူးပြိုင်ပွဲများကို ကြည့်ရှုအားပေးကြပြီး **(အောက်ပုံ)** ပြိုင်ပွဲဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီကြသည့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ပန်းပွားအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် ငြိမ်းချမ်းသာယာ ရေကူးကန်သည် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၏ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၁၉၀၀ ဖြင့် နိုင်ငံတကာအဆင့်မီ အလျား မီတာ ၅၀၊ အနံ ၂၅ မီတာနှင့် ရေကူးပြေးလမ်း ၁၀ လမ်းပါ ရေကူးကန်ဖြစ်ပြီး ရေကူးကန်အတွင်း အလျား ၉ မီတာ၊ အနံ ၅ မီတာရှိ LED အမှတ်ပေးဆိုင်းဘုတ်အပါအဝင် ဂါလန်တစ်သိန်းဆံ့ မြေအောက်ရေကန်နှင့် အသံစနစ်၊ ခေတ်မီရေသန့်စင်သောစနစ်များ ပါဝင်သည့် ရေကူးကန်တစ်ခု ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“KNLA အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များ ကြဲချဖောက်ခွဲ”** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“PDF အမည်ခံ အကြမ်းဖက်သမားများက ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာအတွင်းသို့ Drop Bomb များ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကလေးငယ်သုံးဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စွမ်းအားမြှင့်မီးဖိုဖြန့်ဝေခြင်းကို အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

## ကိုရီးယားသမ္မတနိုင်ငံ Climate Change Center (CCC)နှင့်ပူးပေါင်း၍ စီမံကိန်းကာလ နှစ်နှစ်အတွင်း စွမ်းအားမြှင့် မီးဖို ၂၁၈၉၅ လုံး ဖြန့်ဝေနိုင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Climate Change Center (CCC) တို့ ပူးပေါင်း၍ ကိုရီးယားသမ္မတနိုင်ငံ Climate Change Center (CCC) ၏ အစီအစဉ်ဖြင့် တောင်အာရှနှင့် အရှေ့တောင်အာရှ ဖွံ့ဖြိုးဆဲနိုင်ငံများ (မြန်မာနိုင်ငံ) စွမ်းအားမြှင့်မီးဖိုဖြန့်ဝေရေးစီမံကိန်း၏ စောင့်ကြည့်အကဲဖြတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။




**အဓိကစိန်ခေါ်မှုတစ်ရပ်**

ဦးစွာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသနေ ပြည်သူများဖြစ်ပြီး ထင်း၊ မီးသွေးကို အဓိကလောင်စာအဖြစ် သုံးစွဲလျက်ရှိရာ ကျေးလက်နှင့် မြို့ပြ ပြည်သူများ၏ နှစ်စဉ်ထင်း လိုအပ်ချက်မှာ ကုဗတန် ၁၇ သန်း (စုစုပေါင်းစွမ်းအင်ပမာဏ၏ ၇၆ ရာခိုင်နှုန်း) ခန့် ရှိကြောင်း၊ ထင်းလောင်စာ လိုအပ်ချက် မြင့်မားလာခြင်းသည် သစ်တော သယံဇာတ ရေရှည်တည်တံ့စေရေး၊ သဘာဝတောကျန်များ ထိန်းသိမ်းရေးနှင့် သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကတွေ့ကြုံရသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ထင်းလောင်စာသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ၁၉၉၇ ခုနှစ်မှ ယနေ့အချိန်အထိ စွမ်းအားမြှင့်မီးဖို ၇၄၂၀၀၀ ကျော် ပြည်သူများထံ အခမဲ့ ဖြန့်ဝေပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ စွမ်းအားမြှင့်မီးဖိုဖြန့်ဝေခြင်းကို ပိုမို၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Climate Change Center (CCC) နှင့်ပူးပေါင်း၍ စီမံကိန်းကာလ နှစ်နှစ်အတွင်း စွမ်းအားမြှင့်မီးဖို ၂၁၈၉၅ လုံး ဖြန့်ဝေနိုင်ခဲ့ပြီး ကာဗွန်ထုတ်လွှတ်မှု တန် ၃၈၅၀၀၀ ကျော် လျှော့ချနိုင်ခဲ့ကြောင်း၊ စီမံကိန်းကာလအတွင်း စောင့်ကြည့်အကဲဖြတ် ရလဒ်များအပေါ် အခြေခံ၍ ပိုမိုကောင်းမွန်သော ရလဒ်များ ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

**စာတမ်းများဖတ်ကြား**

ထို့နောက် တာဝန်ရှိသူများက စီမံကိန်းဆောင်ရွက်မှု အခြေအနေ ရှင်းလင်းတင်ပြခြင်းနှင့် စွမ်းအားမြှင့်မီးဖို သုံးစွဲမှုနှင့် ပတ်သက်သော သုတေသန စာတမ်းများကို ဖတ်ကြားကြပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

ယခုစီမံကိန်းမှာ စွမ်းအားမြှင့်မီးဖိုဖြန့်ဝေ သုံးစွဲခြင်းအားဖြင့် ထင်းလောင်စာသုံးစွဲမှု လျှော့ချနိုင်ခြင်းနှင့် သဘာဝတောကျန်များ ထိန်းသိမ်းရေးကို အထောက်အကူပြုစေပြီး မြန်မာနိုင်ငံအနေဖြင့် United Nations Framework Convention on Climate Change (UNFCCC) နှင့် ချိတ်ဆက်၍ ပထမဦးဆုံး ခာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချခြင်း သက်သေခံချက် – CER ရရှိရန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် United Nations – Clean Development Mecha–nism (UN–CDM) စီမံကိန်းတစ်ခုဖြစ်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ကိုရီးယားသမ္မတနိုင်ငံ Climate Change Center (CCC)မှ ကိုယ်စားလှယ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြောင်း သိရသည်။

သတင်းစဉ်

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် သာပေါင်းမြို့နယ် အမှတ်(၁၂)မြောင်းနှင့် အမှတ်(၁၃)မြောင်းတူးဖော်ခြင်းလုပ်ငန်း တူးဖော်ပြီးစီးမှုအခြေအနေ ကွင်းဆင်းစစ်ဆေး

**သာပေါင်း ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ဂုံမင်းကျေးရွာအုပ်စု သဲဗွက်ကျေးရွာ အမှတ်(၁၂) မြောင်းနှင့် အမှတ်(၁၃)မြောင်းတူးဖော်ခြင်းလုပ်ငန်း အပိုင်း(၂) တူးဖော်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၈ ရက်က ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အဆိုပါလုပ်ငန်းကို တင်ဒါအောင်ကုမ္ပဏီမှ ထိပ်ဝအကျယ်ပေ ၄၀၊ အောက်ခြေ အကျယ်ပေ ၂၀၊ ပျမ်းမျှအနက် ၁၀ ပေ၊ မြောင်းအလျား ပေ ၁၀၀၀၀ ကို ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်ခွင့်ပြုငွေကျပ်သန်း ၁၄၃ ဒသမ ၁၇၀ ဖြင့် တူးဖော်ပြီးစီးမှု အခြေအနေနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ Solar စနစ်ဖြင့် ရေတင်မှု၊ တောင်သူဦးဝင်းစိုးက စပါးခွံလောင်စာ Gas စနစ်ဖြင့် ရေတင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့် ရင်းနှီးစွာ တွေ့ဆုံမေးမြန်း၍ တာဝန်ရှိသူများက ရှင်းလင်း တင်ပြကြရာ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က မှာကြားသည်။

အဆိုပါအခမ်းအနားသို့ သာပေါင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ဦးမင်းရောထိုက်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

မျိုးဇော်သိန်း (ပြန်/ဆက်)



# တရုတ် - မြန်မာ မြှင့်တင်ရေးစင်တာတွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများနှင့် ဆွဲဆောင်မှုများကို ပါဝင်ပြသရန် ကမ်းလှမ်းထား

**နေပြည်တော် ဇန်နဝါရီ ၁၀**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနသည် အာဆီယံ-ဂျပန် ဗဟိုဌာန၏ အထောက်အပံ့ဖြင့် National Activity Project-2022 ကို အကောင်အထည်ဖော်သည့် အနေဖြင့် တတိယအကြိမ် ဂျပန် ခရီးသွား ဧည့်သည်များကို ဝန်ဆောင်မှု ပေးနေသူများအတွက် အရည်အသွေးမြှင့်တင်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ကလောမြို့ရှိ Kalaw Hilltop Villa Hotel တွင် Hybrid စနစ်ဖြင့် ကျင်းပသည်။



အဆိုပါဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင် အွန်လိုင်းမှတစ်ဆင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာတွင် ယခု အာဆီယံ-ဂျပန် ဗဟိုဌာနနှင့် ပူးပေါင်းကျင်းပသော ဆွေးနွေးပွဲမှတစ်ဆင့် ဆွေးနွေးပွဲ ကိုယ်စားလှယ်များသည် ဂျပန်ခရီးသွားဧည့်သည်များ၏ ရိုးရာဓလေ့နှင့် လူနေမှုဘဝ ပုံစံများ၊ အပြုအမူသဘောသဘာဝများကို သိရှိနားလည်လာပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်မည် ဖြစ်ပါကြောင်းနှင့် အာဆီယံ-ဂျပန် ဗဟိုဌာန၏ ၂၀၂၃ ခုနှစ်အတွက် National Acticvity နှင့် အခြား အစီအစဉ်များတွင် ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံ-ဂျပန် ဗဟိုဌာနမှ အကြီးတန်းအမှုဆောင် အရာရှိ Dr. Yuka KUBOTA က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံနှင့် အာဆီယံ - ဂျပန် ဗဟိုဌာနမှ တာဝန်ရှိသူများနှင့် ဂျပန်ခရီးသွား လုပ်ငန်းဆိုင်ရာ ကျွမ်းကျင် ပညာရှင်များက သက်ဆိုင်ရာ ဘာသာရပ်များ အလိုက် ဆက်လက်ဆွေးနွေး ပို့ချကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ရန်ကုန်မြို့ ရှိ အင်းယားကန် ဟိုတယ်၌ ကျင်းပသော မြန်မာ - တရုတ် ခရီးသွားလုပ်ငန်း မြှင့်တင်ရေး ဆိုင်ရာ တွေ့ဆုံပွဲသို့ တက်ရောက်သည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲ၌ ပြည်ထောင်စု ဝန်ကြီးက ယခုအခါ တရုတ်ခရီး သွားဈေးကွက်သည် မြန်မာနိုင်ငံ အတွက် အလားအလာရှိပြီး အားထားရသည့် ဈေးကွက်တစ်ခု ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ဒီဇင်ဘာ လအတွင်း နေပြည်တော်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချူချင့် မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ မြှင့်တင်ရေးဗဟိုဌာန၏ အတွင်း ရေးမှူးချုပ် မစ္စတာ ကျောက်ကျား အောက်ဝ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပါကြောင်း၊ အဆိုပါ ဆွေးနွေးပွဲတွင် ချူချင့်မြို့၌ တရုတ် - မြန်မာ ရင်းနှီးမြှုပ်နှံမှု ဖိုရမ်၊ တရုတ်-မြန်မာ ယဉ်ကျေးမှု ဆိုင်ရာ ခရီးသွားကုန်စည်ပြပွဲ၊ လန်ချန်း-မဲခေါင် ခရီးသွား မိတ်ဖက်မြို့တော် ရက်သတ္တပတ် အစီအစဉ် ကျင်းပပြုလုပ်မည့် အခြေအနေများ၊ ယဉ်ကျေးမှု ဆိုင်ရာ ခရီးသွားကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ခရီးသွားပြခန်းများ ပါဝင်ခင်းကျင်း ပြသသွားနိုင်ရေး အတွက် ဝန်ကြီးဌာနနှင့် ခရီးသွား အသင်းအဖွဲ့များအား ဖိတ်ကြား ထားပါကြောင်း၊ ထို့ပြင် တရုတ်- မြန်မာ မြှင့်တင်ရေးစင်တာတွင် လည်း မြန်မာနိုင်ငံ၏ ခရီးသွား လုပ်ငန်းများနှင့် ဆွဲဆောင်မှုများ ကို ပါဝင်ပြသရန် ကမ်းလှမ်းထား ပါကြောင်း၊ အဆိုပါ ကုန်စည်ပြပွဲ တွင် ပါဝင်ပြသခြင်းဖြင့် ချူချင့် မြို့နှင့်သာမက တရုတ်တစ်နိုင်ငံ လုံးသို့လည်း မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို မြှင့်တင် ကြော်ငြာနိုင်မည့် အခွင့်အလမ်း များ ရရှိမည်ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲသို့ တက်ရောက် လာသူများအနေနှင့် ပြပွဲတွင် ပါဝင်ပြသနိုင်ရေးအပြင် တရုတ်- မြန်မာ ခရီးသွားလုပ်ငန်း မြှင့်တင် နိုင်ရေးအတွက် အခြားဆွေးနွေး လိုသည့် ကိစ္စရပ်များရှိပါကအားလုံး ဝိုင်းဝန်းဆွေးနွေး၍ အကြံပြုပေးစေ လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ဒေသကြီး၊ စီးပွားရေးရာဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ပထမ အတွင်းဝန်တို့က ဆွေးနွေးတင်ပြ ကြပြီး မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း က ယဉ်ကျေးမှုဆိုင်ရာ ခရီးသွား ကုန်စည်ပြပွဲတွင် ပါဝင်ပြသနိုင် မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။ ယင်းနောက် တက်ရောက်လာသူ များက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်အတွက် အားထားရသော စာရင်းပညာရှင်များဖြစ်အောင် ကြိုးပမ်းသွားကြရန် ပြည်ထောင်စုစာရင်းစစ်ချုပ် တိုက်တွန်းပြောကြား

ရန်ကုန် ဇန်နဝါရီ ၁၀

**စာရင်းပညာရပ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကို စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန်နှင့် နိုင်ငံတော်အတွက် အားထားရသော စာရင်းပညာရှင်များဖြစ်အောင် ကြိုးပမ်းသွားကြရန် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဦးတင်ဦးက တိုက်တွန်းပြောကြားလိုက်သည်။**

ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း၌ ကျင်းပသည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်စာမေးပွဲ (၁၈) ကြိမ်မြောက် အောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားတွင် ထိုသို့ တိုက်တွန်းပြောကြားခဲ့ခြင်း ဖြစ်သည်။

**သင်တန်းကျောင်းများ ဖွင့်လှစ်ခွင့်ပြုခဲ့**

ထို့ပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်က မြန်မာ နိုင်ငံ စာရင်းကောင်စီမှ ကြီးမှူးဖွင့်လှစ်ခဲ့သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းကို စတင် ဖွင့်လှစ်ခဲ့သည့် ၁၉၇၂ ခုနှစ်မှစ၍ ယနေ့အထိ ၂၆၆၆ ဦးကို သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် စာရင်းကောင်စီမှ ဖွင့်လှစ်သည့် သင်တန်း ကျောင်းအပြင် ကိုယ်ပိုင်စာရင်းကိုင်သင်တန်း ကျောင်းများကိုလည်း ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ယနေ့အထိ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ၁၂ ကျောင်း ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝသော စာရင်းပညာရှင်များ တိုးတက်များပြားလာရေးကို ရည်ရွယ်၍ နိုင်ငံခြားတိုင်းပြည်များမှ စာရင်းပညာဘွဲ့၊ စာရင်းပညာလက်မှတ်ရရှိထားသူ နိုင်ငံသားများကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအဖြစ် အသိအမှတ်ပြုနိုင်ရန် ၂၀၁၅ ခုနှစ်မှစ၍ တစ်နှစ်လျှင် နှစ်ကြိမ် အရည်အချင်းစစ်စာမေးပွဲ ကျင်းပပေးလျက် ရှိပြီး ယနေ့အထိ စာရင်းပညာရှင် ၉၆ ဦးကို အသိအမှတ်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ ဒီပလိုမာစာရင်းကိုင် သင်တန်းများကိုလည်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ယခုအောင်လက်မှတ် ပေးအပ်မည့်သူများအပါအဝင် ၄၇၁၄ ဦး ရှိပြီးဖြစ်ကြောင်း။

အောင်လက်မှတ်ရရှိပြီးသူများအနေဖြင့် မိမိတို့၏ အရည်အချင်းကို တိုးတက်သည်ထက် တိုးတက်စေရန် စာရင်းပညာရပ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု များကို စဉ်ဆက်မပြတ် လေ့လာသင်ယူကြစေလို ကြောင်း၊ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်များ ကို လိုက်နာ၍ မိမိ၏ဂုဏ်သိက္ခာ၊ အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်နိုင်သူများ နိုင်ငံတော်အတွက် အားထားရသော စာရင်းပညာရှင် များအဖြစ် အောင်မြင်မှုများရရှိစေရန် ကြိုးပမ်းသွား ကြစေလိုကြောင်း ပြောကြားသည်။




**အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်း ကိုင်စာမေးပွဲ အောင်မြင်သူများကို အောင်လက်မှတ် များ ပေးအပ်ချီးမြှင့်ပြီး**(အပေါ်ပုံ)** စုပေါင်းမှတ်တမ်း တင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့လယ်ယာထွက်ကုန်များ ဂျပန်ဈေးကွက်သို့ ဝင်ရောက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မြန်မာ့လယ်ယာထွက်ကုန်များ ဂျပန်ဈေးကွက်သို့ ဝင်ရောက် နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည် တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ကို စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန မြန်မာ ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့က ကြီးမှူးပြီး အာဆီယံ - ဂျပန် စင်တာ၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပ ခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးမင်းမင်းက အဖွင့် အမှာစကား ပြောကြားပြီး အာဆီယံ - ဂျပန် စင်တာအတွင်း ရေးမှူးချုပ်ကိုယ်စား Senior Executive Officer Dr. Yuka Kubota က နှုတ်ခွန်းဆက်စကား ပြောကြားကာ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ချုပ်နှင့် ညွှန်ကြားရေးမှူးတို့က စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားကြသည်။

ထို့နောက် အမြဲတမ်းအတွင်း ဝန်နှင့် တာဝန်ရှိသူများသည် ဂျပန်ဈေးကွက်သို့ တင်ပို့ရန် အလားအလာရှိသော စိုက်ပျိုးရေး ထုတ်ကုန်များဖြစ်သည့် ဝဥ၊ ဂျင်း၊ တိုင်းရင်းဆေး၊ ဟင်းသီးဟင်းရွက် နှင့် နှမ်းထုတ်ကုန်များ ခင်းကျင်း ပြသထားမှုကို လှည့်လည်ကြည့်ရှု ကြသည်။

ယင်းနောက် ဂျပန်ဈေးကွက် သို့ လယ်ယာထွက်ကုန်များ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချ သည့် ကိုယ်စားလှယ်များက ၎င်းတို့၏ အတွေ့အကြုံများကို ဆွေးနွေးကြကာ တက်ရောက် လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားပြီး ဂျပန် ဈေးကွက် ဝင်ရောက်နိုင်ရေး အားသာချက်၊ အားနည်းချက်များ နှင့် ဆောင်ရွက်ရန် အချက်များ ကို ဆွေးနွေးခဲ့ကြကြောင်း သိရ သည်။ **သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် မြေပြင်တစ်အိမ်တက်ဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ဘားအံ ဇန်နဝါရီ ၁၀**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်နှင့် ခရိုင်၊ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များသည် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁၀ နာရီခန့်က ဘားအံမြို့နယ် အမှတ်(၆)နှင့်အမှတ်(၇) ရပ်ကွက်အတွင်း မြေပြင်တစ်အိမ်တက်ဆင်း စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး လိုအပ်သည်များ မှာကြားသည်။

ကရင်ပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ အခြေခံမဲဆန္ဒရှင်စာရင်းနှင့် မဲစာရင်းရလဒ်များ မှန်ကန်စေရေးအတွက် အဆင့်(၅)ဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဆင့်(၁)နှင့်(၂)ကို ပြည်နယ်အတွင်း ဆောင်ရွက်ပြီးဖြစ်သည့်အတွက် အဆင့်(၃)အနေဖြင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)ရှိ လူဦးရေအချက်အလက်များနှင့် မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်ကာ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်လုံးတွင် မြေပြင်တစ်အိမ်တက်ဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဇန်နဝါရီ ၉ ရက်တွင် စတင်ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်အတွင်း မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များကို တစ်ဖွဲ့လျှင် ငါးဦးနှုန်းဖြင့် စာရင်းကောက်ယူရေးအဖွဲ့ ၇၁၂ ဖွဲ့ကို ဖွဲ့စည်းပြီး သင်တန်းများအဆင့်ဆင့် ပို့ချပေးခဲ့ကာ စာရင်းကောက်တစ်ဖွဲ့ တစ်ရက်လျှင် အနည်းဆုံး အိမ်ထောင်စု ၂၅ စုနှုန်းဖြင့် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ (မသန်စွမ်း(၅) မျိုး စာရင်းအပါအဝင်) မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ရေနံချောင်း၌ အိမ်ထောင်စုလူဦးရေစာရင်းမှန်ကန်စေရေး ကွင်းဆင်းကောက်ယူနေမှု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



**ရေနံချောင်း ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ အခြေခံမဲစာရင်းများ မှန်ကန်စေရေးနှင့် ရွေးကောက်ပွဲကျင်းပရာတွင် အထောက်အကူဖြစ်စေရန်အတွက် အိမ်ထောင်စုလူဦးရေစာရင်းများ တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေး ကောက်ယူခြင်းလုပ်ငန်းကို ဇန်နဝါရီ ၉ ရက်က မြို့ပေါ်ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။

ရေနံချောင်းမြို့ သစ်တပွေ ရပ်ကွက်အတွင်း အိမ်ထောင်စုလူဦးရေစာရင်း ကောက်ယူနေမှုအား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကိုကိုနှင့် တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ချောက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဋ္ဌေးကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး စာရင်းဇယား၊ ကိန်းဂဏန်း အချက်အလက်များ မှန်ကန်စွာ ဖြည့်သွင်းဆောင်ရွက်ကြရန် စစ်ဆေးမှာကြားသည်။

အိမ်ထောင်စုလူဦးရေ စာရင်း မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေး ကောက်ယူရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးဆောင်ကာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်/ကျေးစာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများ ပူးပေါင်းအဖွဲ့ ၁၁၄ ဖွဲ့က မြို့နယ် အတွင်းရှိ စာရင်းကောက်ယူရန် အိမ်ထောင်စုပေါင်း ၄၅၈၃၅ စုကို ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ အပြီးကောက်ယူသွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုက်လတ်၌ အိမ်ထောင်စုလူဦးရေစာရင်း ပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း စာရင်းများကောက်ယူမှု ကွင်းဆင်းစစ်ဆေး

**ကျိုက်လတ် ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် အိမ်ထောင်စု လူဦးရေစာရင်း ပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း စာရင်းများ ဆက်လက်ကောက်ယူနေမှုကို ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက မြို့နယ်အတွင်း အိမ်ထောင်စု လူဦးရေစာရင်း ကောက်ယူနေမှုအား လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထိုသို့ လိုက်လံကြည့်ရှုအားပေးရာတွင် ခရိုင်/မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျိုက်လတ်မြို့နယ် ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးထွန်းဆွေနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများတွင် အိမ်ထောင်စုလူဦးရေစာရင်း ပြည့်စုံမှန်ကန်စေရေး၊ တစ်အိမ်တက်ဆင်းစာရင်းများ ကောက်ယူနေကြသော ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့၊ ပညာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များအား စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေး လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## ပုသိမ်ကြီးမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းများ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းများ ဆောင်ရွက်

**ပုသိမ်ကြီး ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာကျေးရွာ၌ တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးအဖွဲ့မှ အိမ်ထောင်စုလူဦးရေစာရင်းများ ကောက်ယူမှုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ ယမန်နေ့နံနက်ပိုင်းက စတင်ကာ အဆိုပါ ကျေးရွာအတွင်း ကွင်းဆင်းဆောင်ရွက်သည်။



ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များ ဆောင်ရွက်နေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး မင်းဟိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းအောင်တို့က အိမ်ထောင်စု လူဦးရေစာရင်းများ မြေပြင်ကွင်းဆင်းကောက်ခံနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပုသိမ်ကြီး မြို့နယ်၌ ရပ်ကွက်/ ကျေးရွာ အုပ်စု ၅၈ ခုရှိ အိမ်ထောင်စု လူဦးရေစာရင်းများ ကောက်ယူရာတွင် မြေပြင်ကွင်းဆင်း ကောက်ခံရေးအဖွဲ့ ၁၄၁ ဖွဲ့ဖြင့် စာရင်းကောက်လျက်ရှိပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်အထိ အိမ်ထောင်စု ၃၅၂၅စု စာရင်းကောက်ယူပြီးဖြစ်ကြောင်း သိရသည်။ **ဇော်ဘီ**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

# အဂတိပယ်ခွာ ပြည်သာယာဖို့ 1111 ကို ဖြေကြားစို့

*လင်းလက်*

❖ **အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်သည် အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်တားဆီးနိုင်မည့် လုပ်ငန်းစဉ်ဖြစ်သဖြင့် နိုင်ငံတော်နှင့် ပြည်သူအတွက် ပိုမိုအကျိုးရှိသည်။ ကော်မရှင်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အများပြည်သူထံမှတုံ့ပြန်မှုရယူခြင်းအစီအစဉ်သည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် ဖြစ်ပေါ်လာနိုင်သည့် အသေးစား အဂတိလိုက်စားမှုများကို ကြိုတင်တားဆီးကာကွယ်နိုင်မည်ဖြစ်သကဲ့သို့ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ၏ အားနည်းချက်များကိုသိရှိကာ အချိန်မီပြုပြင်နိုင်ပြီး အစိုးရနှင့်ပြည်သူအကြား ယုံကြည်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မည်**

## မဖြစ်ခင်က ကြိုတင်ကာကွယ်

**“အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်းအတွင်း ဆိုးရွားစွာ အတွင်းလှိုက်စားသော ကူးစက်ပျံ့နှံ့သည့် ကပ်ရောဂါတစ်ခုဖြစ်သည်”** ဟု ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းတွင် ဖော်ပြထားသည်။ ရောဂါဆိုသည်မှာ မဖြစ်ခင် ကြိုတင်ကာကွယ်ရမည်ဖြစ်သဖြင့် အဖွဲ့ဝင်နိုင်ငံတိုင်းအနေဖြင့် **“အဂတိလိုက်စားမှုကို တားဆီးကာကွယ်ရန် ထိရောက်သည့် လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်များကို ချမှတ်ရမည်”** ဟု ကွန်ဗင်းရှင်း အခန်း (၂) အပိုဒ် ၅၊ အပိုဒ်ခွဲ (၂) တွင် တိုက်တွန်းထားသည်။

မြန်မာနိုင်ငံသည် ၂၀-၁၂-၂၀၁၂ ရက်နေ့တွင် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ ကွန်ဗင်းရှင်းအဖွဲ့ဝင်ဖြစ်လာပြီး နောက်ပိုင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်ခဲ့သည်။ ၇-၈-၂၀၁၃ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၅-၂-၂၀၁၄ ရက်နေ့တွင် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်ကို အဖွဲ့ဝင် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၄-၈-၂၀၁၄ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖြစ် အမည်ပြောင်းလဲခဲ့သည်။

## CPU ဖွဲ့စည်းခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်တွင် တားဆီးကာကွယ်ခြင်းသည် အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင်လည်း ၂၁-၆-၂၀၁၈ ရက်နေ့တွင် စတုတ္ထအကြိမ် ပြင်ဆင်ခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆ (ဈ) တွင် “အဂတိလိုက်စားမှု တိုက်ဖျက်ရေး အတွက် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများကို အကြံဉာဏ်ပေးခြင်း” ပြဋ္ဌာန်းချက်ကို အစားထိုးကာ ပုဒ်မ ၁၆ (ည) တွင် “အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာ အသိပညာပေးသင်ခန်းစာများကို အခြေခံပညာ မူလတန်းအဆင့်မှ စတင်သင်ကြားနိုင်ရေး အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း” ကို ဖြည့်စွက်ပြဋ္ဌာန်းပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်ခဲ့သည်။ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လတွင် ရှေ့ပြေးစီမံကိန်းအဖြစ် ဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၄ ခုတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ယခုအခါ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းအားလုံးတွင် CPU အဖွဲ့များ ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။

ပြည်သူတစ်ဦးချင်းအပေါ်သို့ တိုက်ရိုက်သက်ရောက်နေသော ဖိစီးမှုများဖြစ်ပေါ်သည့် အသေးစား အဂတိလိုက်စားမှုများကို လျော့နည်းကျဆင်းစေရန်နှင့် နိုင်ငံတော်အစိုးရက ပြည်သူလူထု၏ လိုအပ်ချက်နှင့်အညီ လုပ်ဆောင်ပေးနေသော ဝန်ဆောင်မှုများကို ပြည်သူလူထုထံသို့ ပိုမိုပြည့်စုံကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့သော CPU အဖွဲ့များ၏ အဓိက လုပ်ငန်းတာဝန်သုံးရပ်မှာ (က) ဌာနအလိုက် အဂတိလိုက်စားမှုပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊ (ခ) တွေ့ရှိရသောပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်နှင့် (ဂ) အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေး တားမြစ်ထိန်းချုပ်နိုင်ရန်တို့ဖြစ်သည်။

## အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်

ကော်မရှင်အနေဖြင့် CPU အဖွဲ့များ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နည်းပညာဆိုင်ရာ အကူအညီများကို သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပခဲ့သည့် CPU အဖွဲ့များအတွက် နည်းပညာဆိုင်ရာ သင်တန်းအမှတ်စဉ် ၂/၂၀၁၉ တွင် CPU များအတွက် လုပ်ငန်းအစီအစဉ်ခြောက်ရပ်ကို ချမှတ်နိုင်ခဲ့ပါသည်။

လုပ်ငန်းအစီအစဉ် ခြောက်ရပ်တွင် CPU များအနေဖြင့် လုပ်ငန်းလမ်းညွှန်များ ရေးဆွဲထားရန်၊ တည်မြဲလုပ်ထုံးလုပ်နည်းများရေးဆွဲထားရန်၊ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်ခြင်းကို ဆောင်ရွက်ရန်၊ ကျင့်ဝတ်ရေးဆွဲထားခြင်းမရှိသော စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းဆက်စပ်လုပ်ကိုင်ခြင်းမပြုရန်၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဖိုရမ်များ၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပရန် စသည့် လုပ်ငန်းတာဝန်များအပြင် ဆဋ္ဌမမြောက်အချက်တွင် “ပြည်ထောင်စုဝန်ကြီးများ၏ လမ်းညွှန်မှုကိုခံယူလျက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) များသည် အောက်ခြေရုံးဌာနခွဲများတွင် ဝန်ဆောင်မှုရယူကြသော ပြည်သူတစ်ဦးချင်းထံသို့ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) အစီအစဉ်ကို အသုံးပြု၍ တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ပြီး အသေးစား အဂတိလိုက်စားမှုများ မဖြစ်စေရေး တားဆီးကာကွယ်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုသွားရန်” ဆိုသည့် အချက် ပါဝင်သည်။

## ပြည်သူထံမှ တုံ့ပြန်မှုရယူရန် ဆောင်ရွက်ခဲ့

ကော်မရှင်အနေဖြင့် အဆိုပါအချက်ကို အကောင်အထည်ဖော်ရန် အောက်ခြေရုံးဌာနခွဲများသို့ ဝန်ဆောင်မှုလာရောက်ရယူသော ပြည်သူများ၏ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ထားရှိသည့် သဘောထားကို သိရှိရန် အမှန်တကယ်ဝန်ဆောင်မှုရယူသည့် ပြည်သူတစ်ဦးချင်း၏ တယ်လီဖုန်းများသို့ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းကာ တုံ့ပြန်မှုရယူနိုင်ရန် တားဆီးကာကွယ်ရေးလက်သုံးကိရိယာတစ်ခုအဖြစ် CPU Toolkit လုပ်ငန်းစဉ်ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှစ၍ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း ၁၀ ခုတွင် စတင်စမ်းသပ် အသုံးပြုခဲ့သည်။ CPU Toolkit လုပ်ငန်းစဉ်သည် အမှန်စင်စစ် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးနှင့် ဆောင်ရွက်ချက်အပေါ် ပြည်သူလူထု၏ သဘောထားရယူခြင်းဖြစ်သဖြင့် ပိုမိုသင့်လျော်သည့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) အဖြစ် အမည်ပြောင်းလဲသုံးစွဲခဲ့သည်။ ထို့အပြင် စတင်အသုံးပြုစဉ်က PFP Web Portal မှတစ်ဆင့် Ooredoo API ၏ Long Code ဖြင့် Bulk Message ပေးပို့ခြင်းဖြင့် ဆောင်ရွက်ခဲ့သည်။ Long Code သည် ရိုးရိုးသာမန်ဖုန်းနံပါတ်ဖြင့် ပေးပို့ခြင်းဖြစ်သဖြင့် ကော်မရှင်နှင့် PFP စနစ်အပေါ် ပြည်သူလူထု၏ ယုံကြည်မှု ပိုမိုရရှိစေရန် MPT ၊ Telenor ၊ Mytel ၊ Ooredoo စသည့် ဆက်သွယ်ရေးအော်ပရေတာလေးခုတို့နှင့် ညှိနှိုင်း၍ Short Code 1111 ကို အသုံးပြုဆောင်ရွက်နိုင်ခဲ့သည်။

## ပြည်သူ့ထံမှ ပြည်သူ့စကား

PFP အစီအစဉ်သည် အများပြည်သူဝန်ဆောင်မှု လုပ်ငန်းများ၏ ဝန်ဆောင်မှု အရည်အသွေးကို အများပြည်သူထံမှ သဘောထားရယူခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် PFP အစီအစဉ်က 1111 ဖြင့် ပေးပို့သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားခြင်းဖြင့် မိမိတို့၏ သဘောထား၊ မိမိတို့၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအပေါ် တိုးတက်စေချင်၊ ပြုပြင်ပြောင်းလဲစေလိုသည့် အချက်များကို ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ပြောကြားနိုင်သည့် အခွင့်အရေးပင် ဖြစ်ပါသည်။

သက်ဆိုင်ရာ ရုံး/ ဌာနများအနေဖြင့်လည်း ပြည်သူလူထု၏ တုံ့ပြန်အကြံပြုချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနအကြီးအကဲထံ တင်ပြကာ ဖြေရှင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြည်သူများ၏ တယ်လီဖုန်းများထံသို့ တိုက်ရိုက်ဆက်သွယ်၍ ဖြေရှင်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့်လည်း အခွင့်အရေးတစ်ရပ်အနေဖြင့် မိမိတို့၏ အခက်အခဲများကို ချပြနိုင်မည်ဖြစ်ခြင်းကြောင့် 1111 ဖြင့် ပေးပို့မေးမြန်းလာသော မေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားသင့်သည်။

## တိုင်ကြားမှုယန္တရား မဟုတ်သည်ကို သတိချပ်စေလို

PFP အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် ရရှိလာသော ပြည်သူ့တုံ့ပြန်မှုများကို အခြေခံ၍ သက်ဆိုင်ရာဌာနအလိုက် အမှန်တကယ် ပြုပြင်ပြောင်းလဲရန်လိုအပ်နေသည့် အချက်များနှင့် လာဘ်ပေးလာဘ်ယူမှုများကို အချိန်တိုအတွင်းသိရှိပြီး အချိန်မီပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ခြင်း ဖြစ်သည်။ သို့ရာတွင် ယခုအစီအစဉ်သည် တိုင်ကြားမှုယန္တရားမဟုတ်သဖြင့် ပြည်သူများအနေဖြင့် အဂတိလိုက်စားမှုများကို တိုင်ကြားလိုပါက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ သို့မဟုတ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုက်ရိုက်တိုင်ကြားနိုင်သည်။

## အဂတိပယ်ခွာ ပြည်သာယာဖို့

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်သည် အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်တားဆီးနိုင်မည့် လုပ်ငန်းစဉ်ဖြစ်သဖြင့် နိုင်ငံတော်နှင့် ပြည်သူအတွက် ပိုမိုအကျိုးရှိသည်။ ကော်မရှင်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်သည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင်

*စာမျက်နှာ ၁၁ သို့*

“PFP **အစီအစဉ်သည် အများပြည်သူဝန်ဆောင်မှု လုပ်ငန်းများ၏ ဝန်ဆောင်မှုအရည်အသွေးကို အများပြည်သူထံမှ သဘောထားရယူခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့်** PFP **အစီအစဉ်က** 1111 **ဖြင့် ပေးပို့သော** SMS **များကို မှန်ကန်စွာ ပြန်လည်ဖြေကြားခြင်းဖြင့် မိမိတို့၏ သဘောထား၊ မိမိတို့၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအပေါ် တိုးတက်စေချင်၊ ပြုပြင်ပြောင်းလဲစေလိုသည့်အချက်များကို ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ပြောကြားနိုင်သည့် အခွင့်အရေးပင်ဖြစ်**”

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက မကွေးမြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။** (ယာပုံ)



အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က နိုင်ငံတော်နစ်နာဆုံးရှုံးမှုကြောင့် အဂတိလိုက်စားမှု ဖြောက်နိုင်သည့် ကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်ပြီး အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သည့် အကြောင်းအရာများကို ရှောင်ကြဉ်နိုင်မည်ဖြစ်ကြောင်း၊ အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့် သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော် တည်ဆောက်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်ချိုအုန်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို အဟန့်အတားဖြစ်သည့် အဂတိလိုက်စားမှုကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တွန်းလှန်တိုက်ဖျက်ရန် လိုအပ်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အနေဖြင့် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်းဆိုသည့် နည်းလမ်းသုံးသွယ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ "အဂတိပယ်ခွာ ပြည်သာယာ" ဆောင်ပုဒ်နှင့်အညီ အဂတိလိုက်စားမှုပပျောက်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဖြော့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေး (Edu-tainment) အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းများ၌ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာနတွင် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် အဆင်ပြေ ချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် PFP Web Portal အသုံးပြုနည်းသင်တန်း ပို့ချခြင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်တန်း (တောင်ငူ)၊ ဦးစီးအရာရှိ (စုံစမ်းရေး) မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၂၂)တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများပို့ချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘားအံတက္ကသိုလ်၌ ဘာသာရပ်ပေါင်း ၁၆ ခုကို သင်ကြားပေးနေပြီး မောင်မယ်သစ်လွင် ၈၉၄ ဦး အပါအဝင် ကျောင်းသား ကျောင်းသူ ၃၆၃၀ ပညာသင်ကြားလျက်ရှိ

**ဘားအံ ဇန်နဝါရီ ၁၀**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဘားအံတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်စကားအတိုင်း မောင်တို့မယ်တို့သည် နိုင်ငံတော်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်မည့်သူများဖြစ်သည့်အတွက် ဗလငါးတန်ပြည့်စုံမှသာ အနာဂတ်ဘဝ လှပတင့်တယ်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပြည့်ပြည့်ဝဝ ထမ်းရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်ကရင်ပြည်နယ်အတွက် လက်ဆင့်ကမ်းတာဝန်များ ထမ်းရွက်နိုင်ရန် တက္ကသိုလ်ကြီးမှ တတ်သင့်တတ်ထိုက်သည့် အသိပညာ၊ အတတ်ပညာရပ်များကို တတ်မြောက်ကျွမ်းကျင်အောင် သင်ယူကြစေလိုကြောင်း ပြောကြားပြီး ထောက်ပံ့ငွေကျပ် သိန်း ၂၀ ကိုပေးအပ်ရာ ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ စိုးစိုးအေးက လက်ခံရယူသည်။

ထို့နောက် ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သစ်လွင်ကျောင်းသား ကျောင်းသူလေးများက အဆို၊ အကများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်က King ရရှိသူနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းက Queen ရရှိသူတို့အား ဂုဏ်ပြုစလွယ် ပေးအပ်သည်။

ဘားအံတက္ကသိုလ်တွင် ဝိဇ္ဇာဌာန ရှစ်ခု၊ သိပ္ပံဌာနခြောက်ခု စုစုပေါင်းသင်ကြားရေးဌာန ၁၄ ခုတွင် အသစ်ဖွင့်လှစ်သည့် အသုံးချဘာသာရပ် နှစ်ခုအပါအဝင် ဘာသာရပ်ပေါင်း ၁၆ ခုကို သင်ကြားပေးနေပြီး ယခု ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် မောင်မယ်သစ်လွင် ၈၉၄ ဦးအပါအဝင် ဘာသာရပ်ပေါင်းစုံတွင် ကျောင်းသား ကျောင်းသူ ၃၆၃၀ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြိတ်၊ ဘုတ်ပြင်းနှင့် ကော့သောင်းခရိုင်တို့၌ တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန ၁၃ ခုဖြင့် ကျင်းပမည်

**မြိတ် ဇန်နဝါရီ ၁၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် မြိတ်ခရိုင်တွင် ၃၁၁၇ ဦး၊ ဘုတ်ပြင်းခရိုင်တွင် ၂၀၃ ဦးနှင့် ကော့သောင်းခရိုင်တွင် ၂၆၀ ရှိပြီး အဆိုပါခရိုင်များတွင် စာစစ်ဌာန စုစုပေါင်း ၁၃ ခုဖြင့် စာမေးပွဲကျင်းပမည်ဖြစ်ကြောင်း မြိတ်ခရိုင်ပညာရေးမှူးရုံးမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တိုင်းဒေသကြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးနှင့် မြိတ်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၉ ရက်က မြိတ်တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲ ယခင်နှစ်ကထက် ပိုမိုအောင်ချက်မြင့်မားရေး တိုးတက်မြင့်မားလာစေရန်၊ စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို အမှတ်ပေးစည်းမျဉ်း စည်းကမ်းများကို သိရှိနားလည်ဖြေဆိုနိုင်ကြစေရန်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးသည် ကျောင်းသား၊ ဆရာ၊ မိဘ သုံးဦး သုံးဖလှယ်ပူးပေါင်း ဆောင်ရွက်မှအောင်မြင်နိုင်မည်ဖြစ်၍ ဆရာ၊ မိဘများမှ တွန်းအားပေးပြီး ကျောင်းသား ကျောင်းသူများ တစ်ဦးချင်းကြိုးစားကြစေရန် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အောင်ချက်မြင့်မားရေးအတွက် ပို့ချမည့်ဘာသာရပ်များနှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။ ထို့နောက် သင်ကြားပို့ချပေးမည့် တက္ကသိုလ်မှ ဆရာ ဆရာမများက ဘာသာရပ်အလိုက် ဆွေးနွေးပြီး မြိတ်ခရိုင် ပညာရေးမှူး ဒေါ်လှလှအေးက တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးနှင့်ပတ်သက်၍ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးက ဖြည့်စွက်ပြောကြားသည်။ **ခိုင်ထူး (မြိတ်)**

*စာမျက်နှာ ၁၀ မှ*

ဖြစ်ပေါ်လာနိုင်သည့် အသေးစား အဂတိလိုက်စားမှုများကို ကြိုတင်တားဆီးကာကွယ်နိုင်မည်ဖြစ်သကဲ့သို့ အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများ၏ အားနည်းချက်များကို သိရှိကာ အချိန်မီပြုပြင်နိုင်ပြီး အစိုးရနှင့်ပြည်သူအကြား ယုံကြည်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မည်ဖြစ်ကာ သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်သဖြင့် တစ်ချက်ခုတ်နှစ်ချက်၊ သုံးချက်ပြတ်နိုင်သည့် အစီအစဉ်ပင်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများအပြင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များတွင်ပါ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန် ကော်မရှင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခဲ့ရာ ခွင့်ပြုခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာ အစိုးရအဖွဲ့များကလည်း သဘောတူခဲ့ပြီးဖြစ်သဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ မကြာမီတွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ကာ PFP အစီအစဉ်ကိုပါ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

PFP အစီအစဉ်သည် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းဖြစ်သဖြင့် 1111 ဖြင့် ပေးပို့သော SMS များကို ပြည်သူများက တိကျမှန်ကန်စွာ ပြန်လည်ဖြေကြားခြင်းအပိုင်းသည် အရေးကြီးဆုံးသော အပိုင်းပင်ဖြစ်သဖြင့် ပြည်သူများအနေဖြင့် **"အဂတိပယ်ခွာ ပြည်သာယာဖို့ 1111 ကို ဖြေကြားကြပါစို့"** ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ရည်ညွှန်းကိုးကား**

- ကော်မရှင်က တရားဝင်ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များ

# ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် အခမ်းအနားကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်အခမ်းအနားကို Multipurpose Stadium၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ တိုင်း/ခရိုင်/ မြို့နယ်တို့မှပညာရေးမှူး၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပညာရေးစုံညီပွဲတော်ကို ထူးချွန်ကျောင်းသား ကျောင်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံမူများနှင့် လိုက်လျောညီထွေမှုရှိပြီး အဆင့်မြှင့်တင်ပေးနိုင်သည့် ပညာရေးစနစ်ဖြစ်ထွန်းရေး၊ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းသို့ ရောက်ရှိနိုင်ရေး၊ အရည်အသွေးပြည့်ဝသော ပညာသင်ကြားခွင့်ရရှိရေး အလေးထား ဆောင်ရွက်ပေးနေကြောင်း၊ သင်ရိုးညွှန်းတမ်းများကို



ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲရေး၊ ပညာရေး သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး စသည့်ပညာရေးလုပ်ငန်းစဉ် (၁၀) ရပ်ကို တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူတိုင်း KG+9 ကို ပြီးမြောက်စေရန် သင်ယူကြရမည်ဖြစ်ကြောင်း၊ ယခုကျင်းပသည့် ပညာရေးစုံညီပွဲတော်တွင် ပညာသင်နှစ် တစ်နှစ်တာကာလအတွင်း ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၏ ဘက်စုံကဏ္ဍ၌ ထူးချွန်မှုများကို ပြသသည့်ပွဲဖြစ်ကြောင်းနှင့် မိမိတို့၏ ထူးချွန်ထက်မြက်သည့် အရည်အသွေးများကို ပိုမိုတောက်ပြောင်အောင် ဆက်လက် ကြိုးစားသွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပါမောက္ခချုပ်၊ ပါမောက္ခများနှင့် တာဝန်ရှိသူများက နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီးအဆင့်တွင် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများကို ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ပြီးနောက် ခင်းကျင်းပြသထားသည့် ခရိုင် ၁၁ ခုမှ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ သင်ကြား၊ သင်ယူမှုအထောက်အကူပြု ပြခန်းများ၊ တွဲဖက်သင်ရိုးဝင် ဘာသာရပ်ဆိုင်ရာ ပြခန်းများ၊ သိပ္ပံလက်တွေ့ပြခန်း၊ ပထဝီဝင်ဆိုင်ရာပြခန်း၊ မာတီမီဒီယာပြခန်းနှင့် နည်းပညာပြခန်းများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ်၌ အသက် (၅) နှစ်မှ (၁၂) အထိ ကျောင်းသား ကျောင်းသူများအား ကိုဗစ် - ၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေး

**ပြင်ဦးလွင် ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ပညာသင်ကြားနေကြသော အခြေခံပညာကျောင်းများမှ အသက် (၅) နှစ်မှ (၁၂) နှစ်အထိ ကျောင်းသားကျောင်းသူများအား ကိုဗစ် - ၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေး (Booster Dose)များ ထိုးနှံပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် အထက(၁)နှင့် အထက(၂) ကျောင်းတို့တွင် ပြင်ဦးလွင်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်ထိုးနှံ ဆောင်ရွက်ပေးကြကြောင်း သိရသည်။



ထိုသို့ ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက စာရင်းရေးသွင်းခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်ပေးခြင်း ၊ ဆေးထိုးပြီးနောက် ခေတ္တစောင့်ကြည့်ပြီးမှ ပြန်လည် ထွက်ခွာစေခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးနေမှုများအား ခရိုင်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးသန့်ဇော်ဦးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

အဆိုပါကာကွယ်ဆေးထိုးနှံမှုတွင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ အကြိမ်ပြည့်ထိုးနှံပြီးငါးလပြည့်ပြီးသည့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၆၂ ဦး ၊ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၇၃ ဦးတို့အား ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ဖြူလူသစ် ခရိုင်(ပြန်/ဆက်)**

## ■ ကျောဖုံးမှ

အာရှဘောလုံးအဖွဲ့ချုပ်သည် ခြေစစ်ပွဲအုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်များကို ပြီးခဲ့သည့်ရက်ပိုင်းက ထုတ်ပြန်ခဲ့ပြီး မြန်မာအသင်းသည် Pot-1 တွင် ပါဝင်ခဲ့သည်။ Pot-1 တွင် မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ တရုတ်(တိုင်ပေ)၊ ဥဇဘက်ကစ္စတန်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ Pot-2 တွင် ဂျော်ဒန်၊ အီရန်၊ အင်ဒိုနီးရှား၊ နီပေါ၊ ကာဂျစ္စတန်၊ ဟောင်ကောင်၊ မွန်ဂိုလီးယား၊ Pot-3 တွင် စင်ကာပူ၊ လက်ဘနွန်၊ တာဂျစ်ကစ္စတန်၊ တီမော၊ ပါလက်စတိုင်း၊ တာ့ခ်မင်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ Pot-4 တွင် ဘူတန်၊ သီရိလင်္ကာ၊ မော်လ်ဒိုက်၊ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်အသင်းတို့ ပါဝင်နေသည်။ ဒုတိယအဆင့်ခြေစစ်ပွဲတွင် ပထမအဆင့်မှ တက်ရောက်လာသည့် ခုနစ်သင်းနှင့် တိုက်ရိုက်ကစားခွင့်ရသည့် ဂျပန်၊ မြောက်ကိုရီးယား၊ ဩစတြေးလျ၊ တရုတ်၊ တောင်ကိုရီးယား၊ စုစုပေါင်း ၁၂ သင်း ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် လာမည့်နှစ်တွင် ယှဉ်ပြိုင်ရမည့် အိုလံပစ်ခြေစစ်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများအတွက် ဒီဇင်ဘာလကတည်းက လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ဧပြီလတွင် ပါရီအိုလံပစ် ပထမအဆင့် ခြေစစ်ပွဲကစားပြီးပါက မေလတွင် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# လွယ်ဂျယ်မြို့အထက၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

**လွယ်ဂျယ် ဇန်နဝါရီ ၁၀**

ကချင်ပြည်နယ် လွယ်ဂျယ်မြို့ အခြေခံပညာ အထက်တန်းကျောင်း ရတနာခန်းမ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် စုံညီပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွင်း ကျောင်းတွင်းကာယ၊ ဥာဏပြိုင်ပွဲများဖြစ်သည့် အားကစားပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၌ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**လွယ်ဂျယ်(ပြန်/ဆက်)**

## ● ကျောဖုံးမှ

ရယူနိုင်ခဲ့သည်။ အော့စ်ဖို့ဒ်အသင်းသည် အာဆင်နယ်အသင်းကို မိနစ် ၆၀ ကျော်အထိ သွင်းဂိုးခွင့် မပြုရအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် သွင်းဂိုးများ ဆက်တိုက်ခွင့်ပြုပေးခဲ့ရသည့်အတွက် ဂိုးပြတ်ရှုံးပွဲနှင့်ကြုံတွေ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၃ မိနစ်တွင် အယ်နီနီနှင့် ပွဲချိန် မိနစ် ၇၀ နှင့် ၇၆ မိနစ်တို့တွင် အင်ခီတီယာက တစ်ဦးတည်း သွင်းယူနိုင်ခဲ့သည်။ အော့စ်ဖို့ဒ်အသင်းက အာဆင်နယ်အသင်းဘက်သို့ ဂိုးကန်သွင်းမှု ခုနစ်ကြိမ်ထက်မနည်း ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ချေ။

ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့သော အာဆင်နယ်အသင်းသည် အက်ဖ်အေဖလား စတုတ္ထအဆင့်တွင် အသင်း ကြီး မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ အခြားသတင်းတစ်ရပ်တွင် အာဆင်နယ်အသင်းသည် ရက်တာဒိုးနက်အသင်းမှ မူဒရိုက်ကို ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**အောင်ဇော်**

## ❖ ကျောဖုံးမှ

မလေးရှားအသင်းမှာမူ အိမ်ကွင်းအနိုင်ရလဒ်ကို အဝေးကွင်းတွင် ထိန်းထားနိုင်ခြင်းမရှိဘဲ ရှုံးပွဲပြန်လည်ကြုံတွေ့ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားများအသုံးပြုခဲ့ပြီး ပွဲမှာအပြန်အလှန်ရှိခဲ့သော်လည်း ထိုင်းအသင်းက အခွင့်အရေးများအသုံးချနိုင်သဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် အိမ်ကွင်း၌ နှစ်ဂိုးနှင့်အထက်အနိုင်ရရန် လိုအပ်နေသဖြင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၉ မိနစ်တွင် ဝါရင့်တိုက်စစ်မှူး ဒန်ဒါက အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိလာသော်လည်း ပထမပိုင်းအပြီးတွင် ထိုင်းအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ထိုင်းအသင်းသည် ဗိုလ်လုပွဲတက်ရောက်ရန်အတွက် နောက်ထပ်သွင်းဂိုးများ လိုအပ်နေသဖြင့် ဒုတိယပိုင်းတွင်လည်း တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၅၅ မိနစ်တွင် ဖာလာက ဒုတိယဂိုး၊ ၇၁ မိနစ်တွင် အဒီဆတ်ခ်က တတိယဂိုး သွင်းယူခဲ့သည်။

ဗိုလ်လုပွဲတွင် ဗီယက်နမ်နှင့် လက်ရှိချန်ပီယံ ထိုင်းအသင်း တွေ့ဆုံနေပြီး ဇန်နဝါရီ ၁၃ နှင့် ၁၆ ရက်တွင် အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း၌ အင်အားပြင်းငလျင်လှုပ်၊ စာသင်ကျောင်းများနှင့် လူနေအိမ်အများအပြားပျက်စီး

ဂျကာတာ ဇန်နဝါရီ ၁၀

**အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း၌ အင်အားပြင်းငလျင်တစ်ခုလှုပ်ခဲ့သည်။ အစပိုင်းတွင် ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့သော်လည်း သုံးနာရီကြာပြီးနောက် ပြန်လည်ရုပ်သိမ်းခဲ့သည်။**

ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက ပြင်းအား ၇ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခုသည် မာလူကူ ပြည်နယ်၌ လှုပ်ခဲ့သည်။ ငလျင်လှုပ်မှုကြောင့် အိမ်ပေါင်း ၁၀၀ ကျော်နှင့် ကျောင်းလေးကျောင်း ထက်မနည်း ပျက်စီးခဲ့ပြီး လူတစ်ဦးဒဏ်ရာရရှိခဲ့ ကြောင်း အမျိုးသားသဘာဝဘေး လျော့ပါးရေး အေဂျင်စီက ပြောကြားလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံ မာလူကူကျွန်းကို ဝိုင်းရံထားသော ပင်လယ်လေးခုအနက် တစ်ခုဖြစ်သော ဘန်ဒါပင်လယ် ဘူမိဗေဒပြောင်းလဲမှုကြောင့် ငလျင်လှုပ်ခြင်းဖြစ်ကြောင်း အရာရှိများက ပြောသည်။

အင်အားပြင်းငလျင်လှုပ်ပြီးနောက် အင်အား ၃ ဒသမ ၈ မှ ၇ ဒသမ ၇ အဆင့်ရှိ နောက်ဆက်တွဲ ငလျင်ငယ် အနည်းဆုံးခုနစ်ခု လှုပ်ခဲ့သည်။ အင်ဒိုနီးရှားအစိုးရသည် ပြည်သူများကို စိတ်အေးအေးထားရန်နှင့် ၎င်းတို့၏ လုပ်ငန်းများကို ပုံမှန်အတိုင်း လုပ်ဆောင်ကြရန် တိုက်တွန်းထားသည်။

ငလျင်လှုပ်ခြင်းများသည် အင်ဒိုနီးရှားနိုင်ငံတွင် မကြာခဏဖြစ်ပွားလေ့ရှိသည်။ နိုဝင်ဘာလက ပြင်းအား ၅ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခု အနောက်ဂျာဗားပြည်နယ်တွင် လှုပ်ခဲ့ရာ ဒေသခံတစ်သိန်းကျော်ကို ကယ်ဆယ်ရွှေ့ပြောင်းခဲ့ရပြီး ၆၀၀ ကျော် သေဆုံးခဲ့သည်။

အင်န်အိတ်ချ်ကေ



အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မာလူကူပြည်နယ်၌ လှုပ်ခဲ့သော ငလျင်ကြောင့် အပျက်အစီးများကို တွေ့ရစဉ်။

## မွန်ဂိုလီးယားနိုင်ငံတွင် ခရီးသွားလုပ်ငန်းကဏ္ဍမှ အမေရိကန်ဒေါ်လာ သန်း ၃၅၀ ရရှိ

**အူလန်ဘာတာ ဇန်နဝါရီ ၁၀**

မွန်ဂိုလီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် နိုင်ငံခြားခရီးသွား ၂၉၀၄၀၀ ဝင်ရောက်သည့်အတွက် ခရီးသွားလုပ်ငန်းကဏ္ဍမှ အမေရိကန်ဒေါ်လာ သန်း ၃၅၀ ရရှိခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ဇန်နဝါရီ ၁၀ ရက်တွင် ပြောသည်။

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၁ ခုနှစ်တွင် နိုင်ငံတွင်းသို့ နိုင်ငံခြားခရီးသွား ဝင်ရောက်မှု အရေအတွက်မှာ လျော့နည်းခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။ မွန်ဂိုလီးယားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သော ခရီးသွားကဏ္ဍကို မြှင့်တင်ရန် အတွက် များစွာသော အစီအမံများ ချမှတ်ဆောင်ရွက်လျက် ရှိသည်ဟု သိရသည်။

အထူးသဖြင့် မွန်ဂိုလီးယားအစိုးရသည် နိုင်ငံပေါင်း ၃၄ နိုင်ငံမှ နိုင်ငံသားများအား ရက်ပေါင်း ၃၀ အထိ ၂၀၂၅ ခုနှစ်ကုန်အထိ ဗီဇာကင်းလွတ်ခွင့်ပေးရန် မကြာသေးမီက ဆုံးဖြတ်ခဲ့သည်။ မွန်ဂိုလီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကို မွန်ဂိုလီးယား ခရီးသွားနှစ်များ အဖြစ်လည်း ကြေညာထားသည်။ ထို့ပြင် ခရီးသွားလုပ်ငန်းကဏ္ဍကို မြှင့်တင်ရန်အတွက် ၂၀၂၃ ခုနှစ်တွင် ပွဲလမ်းပေါင်း ၉၀ ကျော် စီစဉ်ကျင်းပသွားရန် မျှော်မှန်းထားသည်။



မွန်ဂိုလီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် နိုင်ငံခြားခရီးသည် တစ်သန်း ထက်မနည်း ဝင်ရောက်ရန်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ အနေဖြင့် အဆိုပါ ခရီးသွားများထံမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ ရရှိရန် မျှော်မှန်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## နီပေါဝန်ကြီးချုပ် အစိုးရဖွဲ့စည်းရန် သတ်မှတ်မဲပမာဏထက် ပိုမိုရရှိ

**ခေတ္တမန္ဒူ ဇန်နဝါရီ ၁၀**

ညွန့်ပေါင်းအစိုးရ ခေါင်းဆောင်အဖြစ် ရာထူးရပြီး နှစ်ပတ်အကြာတွင် နီပေါဝန်ကြီးချုပ် ပွတ်ရှ်ပါကာမယ်ဒါဟယ်သည် ဇန်နဝါရီ ၁၀ ရက်က အောက်လွှတ်တော်၌ လူအများစုက ထောက်ခံသည့် ထောက်ခံမဲကို လွယ်လင့်တကူရရှိခဲ့သည်။

ပရာချန်ဒါဟု လူသိများသော ဒါဟယ်သည် အမတ် ၂၇၅ နေရာရှိ အောက်လွှတ်တော်၌ ထောက်ခံမဲ ၂၆၈ မဲရရှိခဲ့သည်။ အဆိုပါ မဲအရေအတွက်သည် အစိုးရသစ်တစ်ရပ်ဖွဲ့စည်းရန် လိုအပ်သောမဲအရေအတွက် ထက် ၁၃၈ မဲပိုများသည်။

နီပေါကွန်ဂရက်ရှိ ဥပဒေပြုအမတ် ခုနစ်ဦးသည် ညွန့်ပေါင်းပါတီနှင့် မပူးပေါင်းဘဲ ပရာချန်ဒါကို ထောက်ခံမဲပေးခဲ့သည်။ အောက်လွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ် ပွတ်ရှ်ပါကာမယ်ဒါဟယ်သည် ထောက်ခံမဲ ၂၆၈ မဲရရှိခဲ့ကြောင်း ကြေညာခဲ့သည်။

ပရာချန်ဒါသည် ဒီဇင်ဘာ ၂၆ ရက်က ရာထူးရရှိခဲ့ပြီး ဖွဲ့စည်းပုံဥပဒေအရ ရက်ပေါင်း ၃၀ အတွင်း အစိုးရဖွဲ့စည်းရန် ထောက်ခံမဲရရှိအောင် လုပ်ဆောင်ရမည်ဖြစ်သည်။

ဆင်ဟွာ

## တရုတ်နိုင်ငံ၌ အအေးလှိုင်းအတွက် အပြာရောင်အဆင့် သတိပေးချက်ထုတ်ပြန်

**ပေကျင်း ဇန်နဝါရီ ၁၀**

တရုတ်နိုင်ငံ နေရာအနှံ့အပြားတွင် အပူချိန်ကျဆင်းမှုနှင့်အတူ လေပြင်းမုန်တိုင်းတိုက်ခတ်နိုင်ကြောင်း ခန့်မှန်းထားပြီး အအေးလှိုင်း ကျရောက်နိုင်မှုအတွက်လည်း မိုးလေဝသ အာဏာပိုင်အဖွဲ့က ဇန်နဝါရီ ၁၀ ရက်တွင် အပြာရောင်အဆင့် သတိပေးချက် ထုတ်ပြန်ထားသည်။

ဇန်နဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ တရုတ်နိုင်ငံ ဒေသအနှံ့အပြားတွင် အပူချိန်သည် ၈ မှ ၁၂ ဒီဂရီဆဲလ်စီးယပ်သို့ ကျဆင်းနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ရှင်ကျန်းနှင့် ဂန်စုဒေသ အနှံ့အပြားတွင် လေပြင်းမုန်တိုင်းတိုက်ခတ်နိုင်ကြောင်း အဆိုပါဌာနက ခန့်မှန်းထားသည်။

ထို့ပြင် စိုက်ပျိုးရေးအပေါ် အအေးလှိုင်း၏ သက်ရောက်မှုကို သတိပေးထားကြောင်း၊ အပူချိန် ပြောင်းလဲခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းကို သတိပြုကြရန် ပြည်သူများအား တိုက်တွန်းထားကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် မိုးလေဝသသတိပေးချက်စနစ်အတွက် အရောင်ဖြင့် ခွဲခြားသတ်မှတ်သည့် အဆင့် လေးဆင့်ရှိကာ အနီရောင်သည် အပြင်းထန်ဆုံး သတိပေးချက်ကို ကိုယ်စားပြုပြီး ၎င်းနောက်တွင် လိမ္မော်ရောင်၊ အဝါရောင်နှင့် အပြာရောင်အဆင့်ဟူ၍ ရှိသည်။

ဆင်ဟွာ



## သီရိလင်္ကာနိုင်ငံ၏ ဘဏ္ဍာတိုက်တွင် ရန်ပုံငွေများ ပြတ်လပ်နေဟုဆို

**ကိုလံဘို ဇန်နဝါရီ ၁၀**

ပြင်းထန်သော စီးပွားရေးအကျပ်အတည်းက သီရိလင်္ကာကျွန်းနိုင်ငံကို ဆက်လက်ရိုက်ခတ်လျက်ရှိသောကြောင့် နိုင်ငံ၏ဘဏ္ဍာတိုက်တွင် ရန်ပုံငွေများ ပြတ်လပ်နေကြောင်း အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ဇန်နဝါရီ ၁၀ ရက်တွင် ပြောသည်။

အကောက်ခွန်များမှတစ်ဆင့် ကောက်ခံရရှိသော ရန်ပုံငွေများသည် ကျဆင်းလာကြောင်း အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဘန်ဒူလဂူနာဝါဒီနာက သတင်းထောက်များကို ပြောသည်။ ထို့ကြောင့် ငွေပေးချေရန်အတွက် ရန်ပုံငွေပြတ်လပ်နေခြင်းဖြစ်သည်ဟု ဆိုသည်။ ထို့ပြင် ၎င်းက ၂၀၂၂ ခုနှစ်တွင် နိုင်ငံကို ရိုက်ခတ်ခဲ့သော စီးပွားရေး အကျပ်အတည်းက နိုင်ငံ့ဝင်ငွေရရှိမှုကို ထိခိုက်မှုရှိခဲ့ကြောင်း ပြောသည်။

၂၀၂၃ ခုနှစ် ပထမသုံးလအတွင်း အခွန်ကောက်ခံခြင်းဖြင့် မျှော်မှန်းဝင်ငွေမှာ နည်းပါးကြောင်း၊ သို့သော်လည်း ပြည်သူ့ဝန်ထမ်းလစာတွေကို ပေးချေရန် လိုအပ်ကြောင်းနှင့် ထိုသို့ငွေပေးချေမှုကို ပုဂ္ဂလိကရန်ပုံငွေများမှ မဟုတ်ဘဲ ဘဏ္ဍာတိုက်မှ ပေးချေရကြောင်း ၎င်းက ဆက်ပြောသည်။

၂၀၂၃ ခုနှစ်အတွက် ဘတ်ဂျက်ခွဲဝေချထားရာတွင် အနည်းဆုံး ၅ ရာခိုင်နှုန်း လျှော့ချရန် ဝန်ကြီးဌာနအားလုံးကို သမ္မတက အသိပေး ထားပြီးဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောသည်။

ဆင်ဟွာ

# အမေရိကန်တွင် လျင်မြန်စွာကူးစက်ပျံ့နှံ့လာသည့် အိုမီခရွန်မျိုးကွဲ XBB.1.5

နှင်းမိုးအိမ်

ကိုဗစ် -၁၉ ကပ်ရောဂါ ဖြစ်ပွားနေသည်မှာ သုံးနှစ်အတွင်းဝင်ရောက်လာပြီဖြစ်သည်။ထိုအချိန်တွင် ကိုဗစ်- ၁၉ ၏ ဆင့်ကဲဖြစ်စဉ်များကြောင့် ရောဂါပိုးမွှားဗေဒပညာရှင်များကို အခက်တွေ့စေခဲ့သည်။

**လျင်မြန်စွာကူးစက်ပျံ့နှံ့လာ**

ယခုအသစ်ဖြစ်ပေါ်နေသည့် အိုမီခရွန်မျိုးကွဲသစ် XBB.1.5 မှာ ပြီးခဲ့သည့် သီတင်းပတ်အတွင်း အမေရိကန်ပြည်ထောင်စု၌ လျင်မြန်စွာကူးစက်ပျံ့နှံ့လာခဲ့သည်။ ဇန်နဝါရီ ၆ ရက်အထိ နိုင်ငံ အရှေ့မြောက်ဘက်တွင် ကူးစက်မှုအသစ်များထဲ၌ ၇၂ ရာခိုင်နှုန်းမှာ XBB.1.5 ကြောင့်ဖြစ်သည်။ အမေရိကန်တစ်နိုင်ငံလုံးအနှံ့ကြည့်မည်ဆိုလျှင် ကူးစက်မှု၏ ၂၇ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

**တစ်ကမ္ဘာလုံးအနှံ့ ပျံ့နှံ့မည်ဟုခန့်မှန်း**

အဆိုပါမျိုးကွဲအသစ်မှာ နယူးယောက်ပြည်နယ်တွင် စတင်တွေ့ရှိလာရသည်။ ယခုအချိန်အထိ တွေ့ရှိလာရသောမျိုးကွဲများထဲတွင် XBB.1.5 မှာ ကူးစက်မှုအလျင်မြန်ဆုံးဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကိုဗစ် -၁၉ နည်းပညာအဖွဲ့ခေါင်းဆောင် မာရီယာ ဗန် ခါဟို့ဗာက ပြောသည်။ XBB.1.5 မှာ ကမ္ဘာ့နေရာအတော်များများတွင် တွေ့ရှိရခြင်း မရှိသေးချေ။ သို့သော်လည်း အဆိုပါမျိုးကွဲမှာ လျင်လျင်မြန်မြန်ဖြင့် တစ်ကမ္ဘာလုံး အနှံ့ကူးစက်ပျံ့နှံ့သွားလိမ့်မည်ဟု ဘယ်လ်ဂျီယံနိုင်ငံမှ ဆင့်ကဲဖြစ်စဉ် ဇီဝဗေဒပညာရှင် တွန်ဝမ့်စလီယာက ခန့်မှန်းပြောကြားသည်။




ပြီးခဲ့သည့်နှစ် မေလက မြောက်ကာရိုလိုင်းနား၌ ကိုဗစ်-၁၉ ဆေးစစ်နေသည့် ကျန်းမာရေးဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

**နောက်ထပ်လှိုင်းနှင့်ကြုံတွေ့ဖွယ်ရှိ**

နောက်ထပ်ကူးစက်မှုလှိုင်းလုံးနှင့် ကြုံတွေ့ရနိုင်ဖွယ်ရှိသည်ဟု ၎င်းက ပြောသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အကြံပေးများသည် XBB.1.5 ၏ အန္တရာယ်ဖြစ်နိုင်ခြေများကို အကဲဖြတ်နေကြသည်။ လွန်ခဲ့သောတစ်နှစ်ခန့်က အမေရိကန်တွင် ပထမဆုံး အိုမီခရွန်လှိုင်းနှင့် ကြုံတွေ့ခဲ့ရသလိုမျိုး တူညီမှုရှိမည်မဟုတ်ဟု မန်ဆာချူးဆက် အထွေထွေရောဂါကုဆေးရုံမှ ကူးစက်ရောဂါဆိုင်ရာ ဆရာဝန် ဂျေကော့လက်မျူက ပြောသည်။

**ကူးစက်မှုဆိုးရွားလာနိုင်**

သို့သော်လည်း XBB.1.5 ကူးစက်မှုမှာ ဆိုးရွားနိုင်ကြောင်း ၎င်းက သတိပေးထားသည်။ လူများသည် အဆောက်အအုံအတွင်းပိုင်းတွင် လူစုလူဝေးများပြုလုပ်ကြခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုမခံယူကြခြင်းတို့ကြောင့် ကူးစက်မှုပို၍ဆိုးရွားနိုင်သည်ဟု ၎င်းက သတိပေးထားခြင်းဖြစ်သည်။

**ကာကွယ်ပေးနိုင်**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရသည် XBB.1.5 ကူးစက်မှုကိုစောင့်ကြည့်နေပြီး ပြည်သူများအနေဖြင့်လည်း ရောဂါကာကွယ်ရေးနည်းလမ်းများကိုလုပ်ဆောင်ထားကြရန် တိုက်တွန်းကြောင်း အိမ်ဖြူတော်ကိုဗစ် -၁၉ တိုက်ဖျက်ရေးညှိနှိုင်းရေးမှူး ဒေါက်တာ အက်ရှိကေဂျာက ပြောသည်။ ကြိုတင်လေ့လာထားမှုများအရ နှစ်ခါထပ်ဆောင်းကာကွယ်ဆေးထိုးထားသူများသည် XBB နှင့် ၎င်းကဆင်းသက်လာမည့်မျိုးကွဲများကို ကာကွယ်ပေးနိုင်ကြောင်း အကြံပြုထားသည်။

**ပို၍လျင်မြန်လာ**

အမေရိကန်တွင်မူ ဇန်နဝါရီလ ပထမပတ်အတွင်း နောက်ထပ်ကူးစက်ခံရသည့် ကိုဗစ် -၁၉ ကူးစက်မှုများ၏ ၂၇ ဒသမ ၆ ရာခိုင်နှုန်းမှာ XBB.1.5 မျိုးကွဲဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးစင်တာက ဇန်နဝါရီ ၆ ရက်တွင် ပြောသည်။ ဒီဇင်ဘာလနှောင်းပိုင်းမှစတင်ကာ အခြားသော အိုမီခရွန်မျိုးကွဲ ကူးစက်မှုများမှာလျော့ကျလာသော်လည်း XBB.1.5 ကူးစက်မှုမှာ လွန်ခဲ့သည့်လကနှင့် နှိုင်းယှဉ်လျှင် ခန့်မှန်းခြေအားဖြင့် ၂ ဒသမ ၃ ရာခိုင်နှုန်းတိုးလာခဲ့သည်။ အိုမီခရွန်မျိုးကွဲကူးစက်မှုမှာ ပို၍လျင်မြန်လာနိုင်ကြောင်း အိမ်ဖြူတော် ကိုဗစ် -၁၉ တိုက်ဖျက်ရေးညှိနှိုင်းရေးမှူး ဒေါက်တာ အက်ရှိကေဂျာက ဇန်နဝါရီ ၄ ရက်တွင် ပြောသည်။

**လူစုလူဝေးရှောင်ရှားရန် တောင်းဆို**

အမေရိကန် ပြည်သူများအနေဖြင့်ကိုဗစ် -၁၉ကို ကာကွယ်နိုင်ရန် အခြေခံလုပ်ဆောင်မှု စနစ်များဖြစ်သည့် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ခြင်း၊ ကိုဗစ် -၁၉ အပိုဆောင်းကာကွယ်ဆေး ထိုးနှံခြင်းများနှင့် အဆောက်အအုံအတွင်း လူစုလူဝေးပြုလုပ်ခြင်းတို့ကို ရှောင်ရှားကြရန် ၎င်းက တောင်းဆိုခဲ့သည်။ အကဲဖြတ်လေ့လာလျက်ရှိသော အမေရိကန်ပြည်ထောင်စုတွင် ဇန်နဝါရီ ၄ ရက်မှစတင်ကာ တစ်ရက်လျှင် ဆေးရုံတက်ရသည့်လူနာဦးရေမှာ ၆၅၀၀ တိုးလျက်ရှိသည်။ သို့သော်လည်း ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှစတင်ကာ ကိုဗစ် -၁၉ ကြောင့် တစ်ရက် အတွင်း သေဆုံးသူဦးရေမှာ ၄၀၀ အောက်ကျဆင်းလျက်ရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နည်းပညာပိုင်းဆိုင်ရာအုပ်စုသည် ဗိုင်းရပ်စ်၏ ဆင့်ကဲဖြစ်စဉ်နှင့် မျိုးကွဲအသစ်များကို အကဲဖြတ်လေ့လာလျက်ရှိသည်။

**ကာကွယ်ဆေးထိုးရန် သတိပေးထား**

အဆိုပါ အုပ်စုသည် ဓာတ်ခွဲခန်းလေ့လာမှုများနှင့်လူထုများကြားမှ ရရှိသည့်အချက်အလက်များကိုအသုံးပြုကာ XBB နှင့် XBB. 1.5 တို့၏ ဆင့်ကဲဖြစ်စဉ်များကို အနီးကပ်စောင့်ကြည့်လျက်ရှိသည်။ လာမည့်ရက်ပိုင်းအတွင်း အစီရင်ခံစာကို ထုတ်ဝေနိုင်မည်ဟု ခန့်မှန်းထားသည်။ ပြည်သူများအနေဖြင့်လည်း ထပ်ဆောင်းကာကွယ်ဆေး ထိုးထားကြရန် အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ထပ်မံသတိပေးထားသည်။

**နှစ်စဉ်လုပ်ဆောင်ရန် ရည်မှန်းထား**

အမေရိကန်တွင် လူဦးရေ ၇၀ ရာခိုင်နှုန်းသာ ကိုဗစ် -၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးရသေးသည်။ အသက် ငါးနှစ်အထက် ထပ်ဆောင်းကာကွယ်ဆေးထိုးပြီးသည့်အရေအတွက်မှာ ၁၅ ဒသမ ၄ ရာခိုင်နှုန်းသာရှိသည်။ အသက် ၆၅ နှစ်နှင့်အထက်များမှာ ကိုဗစ် -၁၉ ကူးစက်မှုတွင် အန္တရာယ်ရှိသည့်အသက်အုပ်စုဖြစ်ပြီး ယင်းအသက်အုပ်စုမှာကာကွယ်ဆေးထိုးထားသည့် ရာခိုင်နှုန်းမြင့်မားသည်။ အသက် ၆၅ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေးထိုးထားသည့်ဦးရေမှာ ၃၈ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။ အမေရိကန်အစိုးရသည်လည်း ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးကြရန် နှစ်စဉ်စည်းရုံးမှုကို လုပ်ဆောင်ရန် ရည်မှန်းထားသည်။

**ဆွေးနွေးခဲ့**

အမေရိကန်နိုင်ငံသားများ အနေဖြင့်လည်း ကာကွယ်ဆေး ထိုးထားပါက မိမိကိုယ်ကို ကာကွယ်နိုင်မည်ဖြစ်သည်။ ကာကွယ်ဆေးမထိုးထားလျှင်မူ မိမိကိုယ်တိုင်သာမက အခြားသူများကိုပါ မလိုလားအပ်သည့် အန္တရာယ်ဖြစ်လာစေနိုင်သည်ဟု ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် အမေရိကန်သမ္မတက ဆွေးနွေးခဲ့သည်။ ။

ကိုးကား-သည်နယူးယောက်တိုင်းမ်

✻ **အမေရိကန်ပြည်သူများအနေဖြင့် ကိုဗစ် - ၁၉ ကို ကာကွယ်နိုင်ရန် အခြေခံလုပ်ဆောင်မှုစနစ်များဖြစ်သည့် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်း၊ ကိုဗစ် - ၁၉ အပိုဆောင်းကာကွယ်ဆေး ထိုးနှံခြင်းများနှင့် အဆောက်အအုံအတွင်း လူစုလူဝေးပြုလုပ်ခြင်းတို့ကို ရှောင်ရှားကြရန် ၎င်းက တောင်းဆိုခဲ့**

✻ **ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နည်းပညာပိုင်းဆိုင်ရာအုပ်စုသည် ဗိုင်းရပ်စ်၏ ဆင့်ကဲဖြစ်စဉ်နှင့် မျိုးကွဲအသစ်များကို အကဲဖြတ် လေ့လာလျက်ရှိ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်းရှိ

**(၁၀-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၉၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၅၈,၂၁၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၂၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၁၆၅*) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မှတ်ချက် (*) ပြန်လည်စိစစ်ချက်များအရ (၂၀၂၂) ခုနှစ်အတွင်း ပုဂ္ဂလိကဆေးရုံများနှင့် နေအိမ်တွင် သီးခြားထားရှိသူများအနက်မှ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅,၈၀၀) ဦးအား ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၀ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၀ | ၂၀၃၅ | ၂၀၆၀ | ၂၀၄၅ | ၂၀၂၅ | ၂၁၁၅ | ၂၁၃၅ | ၂၀၃၀ | ၂၀၄၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၇၅ | ၂၂၉၅ | ၂၇၆၀ |
| 95 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၁၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၉၀ | ၂၃၈၅ | ၂၂၈၅ | ၂၂၉၅ | ၂၃၂၅ | ၂၃၃၀ | ၂၃၃၀ | ၂၅၅၀ | ၃၃၆၀ |
| HSD (50 ppm) | ၂၃၂၅ | ၂၃၇၅ | ၂၃၇၀ | ၂၃၃၅ | ၂၃၇၀ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၄၇၀ | ၂၄၆၅ | ၂၃၆၅ | ၂၃၇၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၁၀ | ၂၆၃၀ | ၃၃၉၀ |
| HSD (10 ppm) | ၂၃၂၅ | ၂၃၇၅ | ၂၃၇၀ | ၂၃၃၅ | ၂၃၇၀ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၄၇၀ | ၂၄၆၅ | ၂၃၆၅ | ၂၃၇၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၁၀ | ၂၆၃၀ | ၃၃၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၄ | ၁၉၅၅ |
| 95 Ron | ၁၉၅၅ | ၂၀၂၇ |
| HSD (500 ppm) | ၂၁၃၅ | ၂၂၀၇ |
| HSD (50 ppm) | ၂၂၀၈ | ၂၂၈၂ |
| HSD (10 ppm) | ၂၂၀၈ | ၂၂၈၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပူဇာဝစ ပူဇနေယျာနံ

ဘကြီးကောင်း

မောင်မြင့်အေးရေ . . .

၂၀၁၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့မှာ နိုင်ငံတော်က ဆက်ကပ်လှူဒါန်းအပ်နှင်းတဲ့ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော် ကြီးများထဲမှာ တစ်ခေတ်တစ်ခါက ထင်ရှားကျော်ကြားပြီး ဩဇာတိက္ကမကြီးတဲ့၊ ပျံလွန်တော်မူပြီးဖြစ်တဲ့ လယ်တီဆရာတော်ကြီး၊ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီး၊ မိုးကုတ်ဆရာတော်ကြီး၊ မဟာစည် ဆရာတော်ကြီးနဲ့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်က ဒေါက်တာ ဘဒ္ဒန္တ သီလာနန္ဒာဘိဝံသ (ပါဠိ-ရိုမန်) ဆရာတော်ကြီးတွေလည်း ပါဝင်တာ တွေ့ရတော့ ဝမ်းမြောက်နှမော် သာခုအကြိမ်ကြိမ် ခေါ်ဆိုမိတယ်ကွယ်။

ဖော်ပြပါ ဆရာတော်ကြီးများဟာ ပျံလွန်တော်မူခဲ့ကြပြီးဖြစ်ပေမယ့် မြန်မာနိုင်ငံရဲ့ ပရိယတ္တိ၊ ပရိပတ္တိသာသနာတော်မှာ နေလို လလို ထင်ရှားကျော်ကြားခဲ့ရုံမက ဆရာတော်ကြီးများရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူများရဲ့ နှလုံးသားထဲမှာ အစဉ်ထာဝရ ကိန်းဝပ်တည်ရှိနေပြီး ရှိခိုးကော်ရော် ပူဇော်လျက် ရှိနေဆဲပါ။

**ကျမ်းပေါင်းများစွာရေးသား**

ကျေးဇူးရှင် လယ်တီဆရာတော်ကြီးဟာဆိုရင် ပရမတ္ထဒီပနီဋီကာသစ်၊ အလင်းကျမ်းဒီပနီ၊ ပဋ္ဌာနုဒ္ဒေသဒီပနီ၊ သဒ္ဒါကျမ်း အစရှိတဲ့ ပါဠိဘာသာအားဖြင့် စီရင်ရေးသားအပ်တဲ့ ကျမ်းပေါင်းများစွာ၊ ဥတ္တမပုရိသဒီပနီ၊ သာသနဝိသောဓနီ၊ အနတ္တဒီပနီ၊ ဘာဝနာဒီပနီ၊ ကမ္မဋ္ဌာနဒီပနီ၊ ဗောဓိပက္ခိယဒီပနီ၊ နိဗ္ဗာနဒီပနီ၊ သဒ္ဒသံခိပ်ကျမ်းများ အစရှိတဲ့ မြန်မာဘာသာဖြင့် စီရင်အပ်သော ကျမ်းပေါင်းများစွာကို ရေးသားတော်မူခဲ့ပါတယ်။

ထိုမျှမက ကျမ်းပေါင်းများစွာ ပြုစုရေးသားတော်မူခဲ့တဲ့လယ်တီဆရာတော်ကြီးဟာ ကျောင်းသားလူငယ်လေးတွေ "ဗုဒ္ဓဝင်"ကို နှုတ်တက်ဆောင်ရအောင် စုပေါင်းရွတ်ဆိုတဲ့အခါမှာ သာယာနာပျော်ဖွယ် အသံလေးနဲ့ ရွတ်ဆိုချင်လာအောင် "သုံးလူ့ရှင်ပင် ကျွန့်ထိပ်တင် သောင်းခွင်စကြဝဠာ" အစချီတဲ့ ဘယ်နေ့မှာ သန္ဓေယူတော်မူတယ်။ ဘယ်နေ့မှာ ဖွားမြင်တော်မူတယ်။ ဘယ်နေ့မှာ တောထွက်တော်မူတယ်။ ဘယ်နေ့မှာ ဘုရားစင်စစ် ဇေကန်ဖြစ်တယ်။ ဘယ်နေ့မှာ ဓမ္မစကြာတရား ဟောတော်မူတယ်။ ဘယ်နေ့မှာ ပရိနိဗ္ဗာန် စံတော်မူတယ်။ ဘယ်နေ့မှာ တေဇောဓာတ်လောင်ကျွမ်းတော်မူတယ်ဆိုတဲ့ ရတုလေး ခုနစ်ပုဒ်၊ နောက်ဆုံး ဘုရားရှိခိုးတစ်ပုဒ်နဲ့ ရှစ်ပုဒ်ကို ရေးသားစပ်ဆိုတော်မူခဲ့ပါတယ်။ သည်ရတု စာကလေးတွေကို ကျက်လိုက်လို့ရှိရင် ကလေးတွေဟာ အာဂုံရသွားတာ များပါတယ်။

လယ်တီဆရာတော်ကြီးဟာ စာရေးခြင်းမှာ အဘယ်မျှ ဖွဲ့လုံ့လ ကြီးမားတော်မူသလဲဆိုရင် တစ်နေ့သောအခါ စကြံအနီး ရေချိုးအိမ်မှာ ရေချိုးနေလျက်က ရေးလက်စစာကို စဉ်းစားရင်း စိတ်ကူးတစ်ချက်ပေါ်လာတဲ့အတွက် တစ်ကိုယ်လုံး ရေစိုရွှဲလျက် ရေသနုပ် မလဲဘဲ ရေးလက်စစာကို ဆက်ပြီး ရေးနေခဲ့ပါတယ်။

တပည့်များက မလျှောက်ဝံ့လို့ သီတင်းသည်အဖြစ်လာရောက်နေထိုင်တဲ့ ဓာတ်ဆရာကြီး ဦးမြို့အား လျှောက်ပေးဖို့ပြောလို့ သင်းပိုင်ရေစိုကြီးနဲ့ စာရေးနေတဲ့ ဆရာတော်ကြီးအား သွားရောက်လျှောက်ထားတဲ့အခါ ဆရာတော်ကြီးက . . .

"ဟေ့ . . . မောင်မြို့ရေ၊ ခန္ဓာကိုယ်ကြီး အလိုလိုက်နေရင် ကြံစည်ထားတဲ့စာ အဓိပ္ပာယ်တွေ ပျောက်ကုန်မှာပေ့ါ။ ခန္ဓာကိုယ်ကြီးဟာ ငါ့စာတစ်လုံးလောက် တန်ဖိုးမရှိပါဘူးကွာ"လို့ မိန့်တော်မူကာ ရေးလိုတဲ့စာ ရေးပြီးမှ ရေပြန်ချိုးတော်မူသတဲ့။

ဆရာတော်ကြီးဟာ စာရေးတဲ့အခါ အများအားဖြင့် ညအခါမှာဖယောင်းတိုင်၊ ရေနံဆီမီးခွက်တွေနဲ့ ရေးရပါတယ်။ ခဲတံ တစ်ရာ၊ နှစ်ရာ ချွန်ပေးထားရတယ်။ စက္ကူကိုလည်း ဖြတ်ပြီး အထပ်လိုက် ပုံထားရတယ်။ တစ်ညမှာ စာရေးကောင်းနေတုန်း ညနှစ်နာရီခန့် ရေနံဆီကုန်လို့ ရပ်လိုက်ရတဲ့အတွက် မိုးလင်းတဲ့အခါ ကပ္ပိယကိုခေါ်ပြီး . . .

"မင်းတို့ဟာက မုဆိုးမအိမ်က မီးခွက်လို ကရော်ကမယ် တော်စွလျော့်စွ ကလေးကစားသလိုလုပ်တာကိုး။ သံဖြူဆရာဆီသွား၊ ရေနံဆီလေးထောင့်ပုံးကြီး တစ်လုံးကို မီးခွက်လုပ်ခဲ့၊ မီးစာလည်းတစ်လ နှစ်လ ခံအောင်တပ်။ ရေနံဆီလည်း အပြည့်ထည့်ပြီး ငါ့ခေါင်းရင်းမှာထား၊ ဒီလိုဆိုတော့ အခက်အခဲမရှိတော့ဘူးပေ့ါကွယ်"လို့ မိန့်တော်မူတယ်။ မိန့်ဆိုတဲ့အတိုင်း လုပ်ပေးရတယ်။ ဒါကြောင့်မို့လည်း သက်ရွယ်တော် ကြီးရင့်တဲ့အခါမှာ မျက်စိရောဂါ ဖြစ်ခဲ့ပါတယ်။

လယ်တီဆရာတော်ကြီးရဲ့ ထိုထိုသော ပရိယတ္တိအစွမ်းကြောင့် အင်္ဂလိပ်အစိုးရက ၁၂၇၃ ခုနှစ်မှာ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ကိုလည်းကောင်း၊ ၁၂၈၃ ခုနှစ်မှာ "ဒီ-လစ် ပိဋကတ္တယပါရဂူ" ဘွဲ့ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခံခဲ့ရပါတယ်။ ဆရာတော်ကြီးကတော့ ထိုဘွဲ့ထူးကြီးတွေကို ကိုယ်တိုင်ကြွရောက်ပြီး ယူတော်မမူခဲ့ပါဘူး။

**ကျော်ကြားထင်ရှား**

လယ်တီဆရာတော်ကြီးဟာ ပရိယတ္တိ အရာသာမက ပဋိပတ္တိအရာမှာလည်း ကျော်ကြားထင်ရှားပါပေတယ်။ ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်က မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများစာအုပ်မှာ "မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင်ကို ရေးရာ၌ လယ်တီဆရာတော်အကြောင်း မပါဝင်လျှင် ပြည့်စုံသော သာသနာဝင် တစ်စောင်မဖြစ်နိုင်ပေ။ လွန်ခဲ့သော အနှစ်တစ်ရာကျော်က 'လယ်တီဆရာတော်'ဟူ၍ မပေါ်ပေါက်ခဲ့ပါလျှင် ယနေ့မြန်မာနိုင်ငံ သာသနာဝင်သည် ယခုကဲ့သို့ ရှိကောင်းမှ ရှိပေလိမ့်မည်။ ဆရာတော်၏ ပဋိပတ်လုပ်ငန်းမှာလည်း အံ့ဘနန်းရှိလှပေ၏။ ဤအတ္ထုပ္ပတ္တိကို ဖတ်ပြီးလျှင်မူ ပရိယတ္တိမှုဖြင့် ထိတွေ့သိမီဖူးသူများပင် နှောင်တဖြစ်ကောင်းဖြစ်ပေမည်" စသဖြင့် ရေးသားခဲ့ပါတယ်။

လယ်တီဆရာတော်ကြီးဟာ ရတနာသုံးပါးရဲ့ဝတ်ပဋိပတ်ကို ဖြည့်ရာမှာ အထူးခြားဆုံး ဖြစ်တော်မူပါတယ်။ သံဃာပရိသတ်နဲ့နေတဲ့အခါ စာချ၊ စာရေးဟောပြောရုံသာမဟုတ်။ သံဃာတော်များအတွက် တစ်မြို့လုံး လှည့်လည် ဆွမ်းခံကျွေးခြင်း၊ တံမြက်ဝတ်၊ ရေဝတ်များသာမက သံဃာများ စားသောက်ပြီးတဲ့ ပန်းကန်များ ဆေးတဲ့အထိ ဆောင်တော်မူပါတယ်။ ကုဋီအိမ်နဲ့တကွ ရေအိုးမန်သမျှ နံနက်လေးနာရီဆို ရေတွင်းမှ ရေငင်ပြီး၊ လောင်းထည့်ပြီးဖြစ်တယ်။ တိုက်တွင်းရှိ သံဃာများအတွက်သာမက မုံရွာမြို့တွင်းရှိ သံဃာအများရှိရာ ကျောင်းတိုက်ကြီးများမှာလည်း ထိုနည်းတူ ကုဋီရေဖြည့်ခြင်း၊ ကနုတံဆေးခြင်း၊ ရေခပ်ခြင်း၊ တံမြက်လှည်းခြင်းများပြုပြီးမှ ဆွမ်းခံလေ့ရှိတယ်။ ထို စေတိယင်္ဂဏဝတ်၊ သံဃာဝတ်ကို ပြင်းပြင်းထန်ထန် ဆောင်တော်မူတာ အနှစ်နှစ်ဆယ်လုံးလုံး ဖြစ်ပါတယ်။

> ❒ ဆရာတော်ကြီးရဲ့ကျမ်းစာတွေဟာ အခြေပြု သဒ္ဒါ၊ အခြေပြုသင်္ဂြိုဟ်၊ သင်္ဂြိုဟ်ဘာသာဋီကာ၊ ပါတိမောက်ဘာသာဋီကာ စသဖြင့် သဒ္ဒါဘက်၊ အဘိဓမ္မာဘက်၊ ဝိနည်းဘက်တွေကစပြီး အဋ္ဌကထာဋီကာများဆိုင်ရာ တိုင်အောင် ဘာသာစုံဖြစ်ခဲ့ပါတယ်။ ထိုကျမ်းစာတွေအားလုံးဟာ ပရိယတ်ကို အားထုတ်သင်ယူ ပို့ချပေးလျက်ရှိကြတဲ့ စာသင်စာချ ရဟန်းသာမဏေတို့အဖို့ အလွန်ကျေးဇူးများတဲ့ ကျမ်းစာများ ဖြစ်ခဲ့ပါတယ်။ စာသင် စာချ ပုဂ္ဂိုလ်တိုင်း လက်စွဲပြုခဲ့ကြရတဲ့ ကျမ်းတွေဖြစ်

**ဆရာတော်ကြီးကို ပင့်ပြီး တရားပွဲလုပ်**

ဆရာတော်ကြီးဟာ ထိုထိုသော သီလ၊ ခန္တီ၊ မေတ္တာ၊ သစ္စာ၊ သမာဓိ၊ ပညာစွမ်းအားများဖြင့်လည်း သတ္တဝါတို့ရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ပေးတော်မူခဲ့ပါတယ်။ ၁၂၆၈ ခုနှစ်အတွင်းက ဟသ်ာတနယ်မှာ နောက်မိုးမသိမ်းလို့ လယ်ဧကများစွာပျက်စီးရမယ့် ကပ်ကြီးဆိုက်နေစဉ် အင်္ဂလိပ်လူမျိုး ရောဝတီမင်းကြီး မက်ကဆွဲက ဆရာတော်ကြီးကိုပင့်ပြီး တရားပွဲလုပ်ဖို့ အမိန့်ချခဲ့ပါတယ်။

ဆရာတော်ကြီးဟာ လာရောက်ပင့်တဲ့အချိန်က စပြီး အနှစ်နှစ်ဆယ်ကျော် ရေအလှူ နိဗဒ္ဓဝတ်ကြီးကို နေ့စဉ်ဆင်ခြင်ပြီး သစ္စာပြုကာ မေတ္တာပို့တော် မူပါတယ်။ သဘော်နဲ့ ကြွတော်မူရာ ကမ်းလုံးညွတ်မျှ ကြိုဆိုကြတယ်။ သဘော်ဆိုက်ကပ်မယ်ရှိစဉ်မှာပဲ ရုတ်တရက် မိုးဆင်ပြီး၊ တစ်နာရီခန့်ကြာအောင် ရွာသွန်းချလာလို့ မြစ်လယ်မှာ သဘော်ကျောက်ချပြီး ဆိုင်းငံ့နေခဲ့ရပါတယ်။ လူတိုင်းအံ့ဩလို့မဆုံး၊ ဝမ်းသာမဆုံး ဖြစ်ကြရတယ်။ ဆရာတော်ကြီးက "အနှစ်နှစ်ဆယ်ကျော် ရေဝတ်ကြီး၏ အစွမ်းကွယ့်" လို့ မိန့်တော်မူပါတယ်။ ဒ့ါအပြင် လယ်တီဆရာတော်ကြီးဟာ ထိုခေတ် ထိုအခါက မကြာခဏ ဖြစ်ပွားလေ့ရှိတဲ့ ကာလဝမ်းရောဂါ၊ ပလိပ်ရောဂါ စတဲ့ ကပ်ရောဂါဘေးဆိုးကြီးတွေ ကင်းပျောက်ငြိမ်းအေးသွားစေဖို့ ရောဂါဖြစ်ပွားရာ ထိုထိုမြို့ရွာတွေကို ကြွရောက်ပြီး သတ္တဝါတွေရဲ့ အကျိုးစီးပွားအလို့ငှာ ဆောင်ရွက်ပေးတော်မူခဲ့ပါတယ်။

**ကျမ်းပေါင်း ၆၀ ရေးသားပြုစု**

၂၀ ရာစုရဲ့ အရှင်မဟာဗုဒ္ဓဃောသရယ်လို့ ပညာရှင်များက တင်စားခေါ်တော်မူရလောက်တဲ့ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်မဟာဇနကာဘိဝံသ အရှင်မြတ်ကြီးကတော့ နှစ်ပေါင်း ၄၀ ခန့်အတွင်းမှာ ကျမ်းပေါင်း ၆၀ မျှ ရေးသားပြုစုတော်မူခဲ့ပါတယ်။

ဆရာတော်ကြီးရဲ့ကျမ်းစာတွေဟာ အခြေပြု သဒ္ဒါ၊ အခြေပြုသင်္ဂြိုဟ်၊ သင်္ဂြိုဟ်ဘာသာဋီကာ၊ ပါတိမောက်ဘာသာဋီကာ စသဖြင့် သဒ္ဒါဘက်၊ အဘိဓမ္မာဘက်၊ ဝိနည်းဘက်တွေကစပြီး အဋ္ဌကထာဋီကာများဆိုင်ရာတိုင်အောင် ဘာသာစုံဖြစ်ခဲ့ပါတယ်။ ထိုကျမ်းစာတွေအားလုံးဟာ ပရိယတ်ကို အားထုတ်သင်ယူ ပို့ချပေးလျက်ရှိကြတဲ့ စာသင်စာချ ရဟန်းသာမဏေတို့အဖို့ အလွန်ကျေးဇူးများတဲ့ ကျမ်းစာတွေ ဖြစ်ခဲ့ပါတယ်။ စာသင် စာချ ပုဂ္ဂိုလ်တိုင်း လက်စွဲပြုခဲ့ကြရတဲ့ကျမ်းတွေ ဖြစ်ခဲ့ပါတယ်။

တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးဟာ ရဟန်းသာမဏေတွေအတွက်သာမက လူပုဂ္ဂိုလ်တွေအတွက်လည်း ကျမ်းစာတွေကို ရေးသားပြုစုတော်မူခဲ့ပါတယ်။ ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့်အဘိဓမ္မာ၊ အနာဂတ်သာသနာရေး၊ ဘာသာသွေး စတဲ့ ကျမ်းစာတွေက သာသနာရေးကို စိတ်ဝင်စားတဲ့ လူပုဂ္ဂိုလ်တွေအတွက် လွန်စွာကျေးဇူးများတဲ့ ကျမ်းစာတွေ ဖြစ်ပါတယ်။ ဆရာတော်ကြီးဟာ အသက်ထက်ဆုံး ကျမ်းပြုပုဂ္ဂိုလ်အဖြစ် အပြည့်အဝ ခံယူတော်မူခဲ့ပါပေတယ်။ နောက်ဆုံးပျံလွန်တော်မူသည့်နေ့ ၁၃၃၉ ခုနှစ် နတ်တော်လဆုတ် ၂ ရက် အင်္ဂါနေ့ (၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်) အထိ သုတ်ပါထေယျ ပါဠိ အဋ္ဌကထာ ဘာသာဋီကာစာဝါကို ပို့ချတော်မူခဲ့ပါတယ်။

"အသက်မသေသေးရင် အလုပ်လုပ်ပြီးနေချင်တယ်။ အလုပ်မလုပ်နိုင်တော့ဘူးဆိုရင်လည်း သေပြီးအနားယူမယ်"လို့ အမြဲတစေ မိန့်ကြားတော်မူလေ့ရှိသလို "ငါတည်း တစ်ယောက်၊ ချမ်းသာရောက်ဘို့၊ ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရှေးခါဘိုးဘ၊ လက်ထက်ကလျှင်၊ ရသည့်တန်ခိုး၊ ထပ်မညှိုးဘို့၊ အားကြိုးမာန်တက်၊ ငါ ဆောင်ရွက်သည်၊ ဆက်လက်တည်တံ့ပါစေသောဝ်"ဆိုသည့် ရေးထိုးခဲ့သော လင်္ကာ မော်ကွန်းအတိုင်းလည်း အဂ္ဂမဟာပဏ္ဍိတဂန္ထကာရက ကျမ်းပြုအကျော်အမော် မဟာဂန္ဓာရုံဆရာတော်ကြီးဟာ သာသနာနဲ့ နိုင်ငံတော်အတွက် သေအံ့ဆဲဆဲအခါသမယအထိ အပြောနဲ့အလုပ် ညီညွတ်စွာ လုပ်ပြသွားတော်မူခဲ့ပါပေတယ်။

မင်းကွန်းတိပိဋကဆရာတော်ကြီးက "တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီး ပျံလွန်တော်မူတာဟာ သာသနာတော်မှာ ခက်မကြီးငါးဖြာရှိတဲ့ သာသနာ့သစ်ပင်ကြီးက ကိုင်းကြီးတစ်ကိုင်း ကျိုးကျသွားသလို ဆုံးရှုံးမှုကြီးပါပဲ"လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသကလည်း "မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာရတနာများ" တရားတော်မှာ ပါဠိပိဋကစာပေရတနာများရဲ့ တန်ဖိုးကို ဟောကြားရင်း တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးနဲ့ ဆက်စပ်ပြီး –

"မြန်မာနိုင်ငံမှာ ဘာသာဋီကာကျမ်းပေါင်းများစွာ ရေးသားသွားတဲ့ အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသဆိုလို့ရှိရင် မန္တလေးစာသင်နည်းနဲ့ အဘိဝံသ စာမေးပွဲအောင်ပြီးတဲ့အခါမှာ ပခုက္ကူစာသင်နည်းနဲ့ ကျမ်းကြီးဖောက်ဖောက်ခဲ့တာ။ နည်းနှစ်ခုစလုံးကို ကျွမ်းကျင်လိမ္မာတော်မူတဲ့ ဆရာတော်ကြီး ဖြစ်တယ်။ ထိုဆရာတော်ကြီး မရှိတော့တာဟာ မြန်မာလူမျိုးတွေအတွက် ကြီးမားတဲ့ ဆုံးရှုံးမှုကြီးတစ်ခု ဖြစ်တယ်"လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

**နေလို လလို ထင်ရှားတော်မူတဲ့ ဆရာတော်ကြီးများဖြစ်**

မိုးကုတ်ဆရာတော်ကြီးနဲ့ မဟာစည် ဆရာတော်ကြီးတို့ကတော့ မြန်မာနိုင်ငံရဲ့ ပဋိပတ္တိသာသနာဝင်မှာ နေလို လလို ထင်ရှားတော်မူတဲ့ ဆရာတော်ကြီးတွေ ဖြစ်ပါပေတယ်။

မိုးကုတ်ဆရာတော်ကြီးဟာ လူတို့ရဲ့ စရိုက်အထာ သက္ကာယဒိဋ္ဌိကို များစွာပေါ်လွင်အောင်၊ အငြိအတွယ်တွေ ရှင်းလင်းအောင် ကြိုးတင်ပြီး ခွာနိုင်သမျှ

*စာမျက်နှာ ၁၇ သို့*

## အစိုးရနည်းပညာအထက်တန်းကျောင်း (ပင်းပက်) ၌ သင်တန်းသားများအား အောင်လက်မှတ်ပေးအပ်

ဟိုပုံး ဇန်နဝါရီ ၁၀




သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရနည်းပညာ အထက်တန်းကျောင်း (ပင်းပက်)၏ ၂၀၁၉-၂၀၂၀ ခုနှစ် တတိယအကြိမ်မြောက်နှင့် ၂၀၂၁-၂၀၂၂ စတုတ္ထအကြိမ်မြောက် အောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက်က အဆိုပါကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အောင်လက်မှတ်ပေးအပ်ပွဲတွင် အစိုးရနည်းပညာအထက်တန်းကျောင်း (ပင်းပက်) ကျောင်းအုပ်ဆရာကြီး ဦးမျိုးမြင့်အောင်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားနှင့် အင်ဂျင်နီယာပညာရှင်များ အများအပြား လိုအပ်လျက်ရှိပြီး အောင်လက်မှတ်ရ လူငယ်မောင်မယ်များ အနေဖြင့် မိမိသင်ယူတတ်မြောက်ထားသည့် ပညာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခန်းကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အပေါ် ကျေးဇူးသစ္စာစောင့်သိပြီး တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ကိုယ်ကျင့်တရားမြင့်မားသူများဖြစ်အောင် နည်းပညာနှင့် သက်မွေးပညာရှင် လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်းပက်) ကျောင်းအုပ်ကြီး အမှူးပြုသော စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့ဝင်များက အောင်လက်မှတ်ပေးအပ်မည့် စင်မြင့်ထက်တွင်နေရာယူကြပြီး လိုအပ်သည့်ကတိခံဝန်ချက်များရယူကာ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် အဆောက်အအုံ နည်းပညာသင်တန်း၊ အီလက်ထရွန်နစ်နည်းပညာသင်တန်း၊ လျှပ်စစ်နည်းပညာသင်တန်း၊မော်တော်ယာဉ်နည်းပညာသင်တန်းတို့တွင် အောင်မြင်ပေါက်မြောက်ခဲ့သူ ၂၇ ဦး၊ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် အဆောက်အအုံ နည်းပညာသင်တန်း၊ အီလက်ထရွန်နစ်နည်းပညာသင်တန်း၊ လျှပ်စစ်နည်းပညာသင်တန်းတို့တွင် အောင်မြင်ပေါက်မြောက်ခဲ့သူ ၁၇ ဦး စုစုပေါင်း ၄၄ ဦးတို့အား အောင်လက်မှတ်များ အပ်နှင်းကြောင်း သိရသည်။

ပအိုဝ်းဒေသ (မြန်/ဆက်)

## ကျောက်ဆည်မြို့နယ်၌ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

ကျောက်ဆည် ဇန်နဝါရီ ၁၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် စာသင်ကျောင်းဆောင်များ လိုအပ်လျက်ရှိသည့် ကျောင်းများတွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးလျက်ရှိပြီး တံတား



ဦးလေးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးခဲ့ရာ လုပ်ငန်းများရာခိုင်နှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၆၈၀ ဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူကာ အလျားပေ ၆၀၊ အနံပေ ၃၀၊ Steel Structure တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးခြင်းဖြစ်သည်။

ကျောက်ဆည်မြို့နယ် တံတားဦးလေးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ KG တန်းတွင် ကျောင်းသား ကျောင်းသူ ၄၀၊ Grade(1) ၌ ၄၈ ဦး၊ Grade(2) ၌ ၄၆ ဦး၊ Grade(3) ၌ ၄၁ ဦး၊ Grade(4) ၌ ၂၅ ဦး၊ Grade(5) ၌ ၅၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

တင်တင်ထွေး

## ဖလမ်းမြို့နယ်၌ မြေပြင်လူဦးရေစာရင်း ကွင်းဆင်းစာရင်း ကောက်ယူမှုများစတင်

ဖလမ်း ဇန်နဝါရီ ၁၀

ချင်းပြည်နယ် ဖလမ်းမြို့၌ တစ်အိမ်တက်ဆင်းမြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၉ ရက်က စတင်၍ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးဆင့်ပွား သင်တန်းတက်ရောက်ပြီးသူများကပါဝင်သည့် အဖွဲ့ ခုနစ်ဖွဲ့က စာရင်းကောက်ယူလျက်ရှိသည်။ ထိုသို့ မြေပြင်စာရင်းကောက်ယူနေမှု အခြေအနေများကို ခရိုင်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်လတ်၊ ခရိုင်လဝကဦးစီးမှူး ဦးရဲချမ်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် မြေပြင်စာရင်းကောက်ယူရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဖလမ်းမြို့နယ်၌ တစ်အိမ်တက်ဆင်း မြေပြင်စာရင်းကောက်ယူရေးလုပ်ငန်းများကို မြို့ပေါ်ရပ်ကွက် (၄) ရပ်ကွက်တွင် ဇန်နဝါရီ ၂၀ ရက်အထိ မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးအဖွဲ့များက ကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(မြန်/ဆက်)

## ကော့သောင်းမြို့နယ် နမ့်တွန်-ရှာဟော့လူ ကျေးရွာချင်းဆက်လမ်း အမာခံလမ်းခင်းခြင်းလုပ်ငန်း ၇၀ ရာခိုင်နှုန်းပြီးစီး

ထားဝယ် ဇန်နဝါရီ ၁၀

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် လုံးဖောကျေးရွာအုပ်စု နမ့်တွန်-ရှာဟော့လူကျေးရွာချင်းဆက်လမ်း (၇/၀) မိုင်အမာခံလမ်း ခင်းခြင်းလုပ်ငန်း ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်သိန်း ၃၃၃ ဒသမ ၆၃၀ အကုန်အကျခံကာ ကော့သောင်းမြို့နယ် လုံးဖောကျေးရွာအုပ်စု နမ့်တွန်- ရှာဟော့လူကျေးရွာချင်းဆက် (၇/၀) မိုင် အမာခံလမ်းခင်းခြင်းလုပ်ငန်းနှင့် ၁၀ ပေ သံကူကွန်ကရစ်တံတား ခြောက်စင်းဆောင်ရွက်လျက်ရှိပြီဖြစ်သည်။

အဆိုပါလုပ်ငန်းများကို တင်ဒါအောင်မြင်ကုမ္ပဏီက လုပ်ငန်းများ ရေရှည်တည်တံ့ကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးနိုင်ရန်အတွက် ကော့သောင်းခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

*စာမျက်နှာ ၁၆ မှ*

ခွာပေးတော်မူလေ့ရှိတယ်။ မည်မျှ ဂုဏ်သရေရှိသူကိုပင် မညှာ။ တင်းတင်းရင်းရင်း တိုက်ရိုက်ပင်ပြော၏။ လက်ညှိုးထိုး၍ ပြတော်မူပါတယ်။ "ပဋ္ဌိစ္စသမုပ္ပာဒ်တရားကို မိုးကုတ်ဆရာတော်တရားစာအုပ်ကြည့်မှပဲ နားလည်တော့တယ်"လို့ စာတတ်ပုဂ္ဂိုလ်ကြီးများပင် ချီးကျူးရလောက်အောင် ရှင်းလင်းစွာ ဟောကြားတော်မူခဲ့ပါတယ်။ ဆရာကြီးဓမ္မာစရိယဦးဌေးလှိုင်က ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ်မှာ "ဆန်းကြယ်သော တရားစကားအရာတွင် ဆရာတော်ကား 'ဒီခေတ် မြန်မာနိုင်ငံ ရှင်ကုမာရကဿပ'ပင်ဖြစ်၍ သာလွန်သူကို မဆိုထားဘိ၊ အလားတူ ပေါ်ထွက်ရန်ပင် မလွယ်ကူပါချေ"ဆိုပြီး ရေးသားခဲ့ပါတယ်။

ထို့အတူ မဟာစည်ဆရာတော်ကြီးကိုလည်း ဆဋ္ဌသံဂါယနာတင်ပွဲရဲ့ အကြီးအကဲ သံဃမဟာနာယကဖြစ်တော်မူတဲ့ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးက "မဟာစည်ဆရာတော်ဟာ သင်္ဂြိုဟ်ဆရာ- ဋီကာကျော် ဆရာတို့၊ အခြားကျမ်းပြုဆရာတို့ မမြင်တဲ့ အမှားတွေကိုတောင် မြင်အောင်ကြည့်နိုင်တယ်။ ဒီကရှေ့ မဟာစည်ဆရာတော်ထက် သာသူကိုမပြောနဲ့၊ တန်းတူပုဂ္ဂိုလ်ကိုတောင် တွေ့ရဖို့ မလွယ်ဘူး။ မဟာစည်ဆရာတော်ရဲ့ စွမ်းရည်သတ္တိကို သိလို့လည်း

### ❋ ကမ္ဘာ့ဌာန်းပြခဲ့ရာမှာ မြန်မာနိုင်ငံမှာသာမက ပြည်ပနိုင်ငံတကာမှာလည်း ဌာနခွဲပေါင်းများစွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ သိန်းသန်းချီတဲ့ ပြည်တွင်း ပြည်ပ ယောဂီပေါင်းများစွာကို ဝိပဿနာတရား အားထုတ်ပွားများနိုင်အောင် သာသနာပြုတော်မူခဲ့

'ဝိသုဒ္ဓိမဂ်၊ မဟာဋီကာကြီးနိဿယ' ရေးဖို့တို့များက တိုက်တွန်းခဲ့တယ်" လို့ မိန့်တော်မူခဲ့ပါတယ်။

ပဋိပတ္တိအရာမှာလည်း မဟာစည်ဆရာတော်ကြီးဟာ ၁၄ ဝါအရကပင် စတင်ပြီး ကမ္မဋ္ဌာန်းပြခဲ့ရာမှာ မြန်မာနိုင်ငံမှာသာမက ပြည်ပနိုင်ငံတကာမှာလည်း ဌာနခွဲပေါင်းများစွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ သိန်းသန်းချီတဲ့ ပြည်တွင်း ပြည်ပ ယောဂီပေါင်းများစွာကို ဝိပဿနာတရား အားထုတ်ပွားများနိုင်အောင် သာသနာပြုတော် မူခဲ့ပါတယ်။

ဒေါက်တာဘဒ္ဒန္တသီလာနန္ဒာဘိဝံသ(ပါဠိ-ရိုမန်) ဆရာတော်ကြီးကတော့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ရဲ့ ပထမ ပါမောက္ခချုပ် ဆရာတော်ကြီးဖြစ်ပါတယ်။

ဒုတိယမြောက် ပါမောက္ခချုပ်ဆရာတော်ဖြစ်တော်မူခဲ့တဲ့ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသက ပထမပါမောက္ခချုပ် ဆရာတော်ဖြစ်တော်မူခဲ့သည့် အရှင်သီလာနန္ဒာဘိဝံသဆရာတော်ကြီးနဲ့ပတ်သက်ပြီး "ဆရာတော်ဦးသီလာနန္ဒက အင်မတန်မှ စေ့စပ်သေချာတယ်။ စာပေနဲ့ ပတ်သက်လို့ရှိရင်လည်း အလွန်စေ့စပ်တယ်။ အင်္ဂလိပ်စာလည်း ကောင်းတယ်။ သက္ကတလည်းတတ်တယ်။ ပါဠိလည်းတတ်တယ်။ ဖျတ်ခနဲကြည့်လိုက်တာနဲ့ ဒီစာ အမှား၊ အမှန်ကို သူက ချက်ချင်းစိစစ်တတ်တယ်။ နောက်ပိုင်းတော့ ဂျပန်တွေနဲ့အဆက်အသွယ်ရပြီး ဂျပန်ပြည်ကြွလိုက်သေးတယ်။ နောက်တော့ မဟာစည်ဆရာတော်ကြီးနဲ့ အမေရိကပါသွားရင်းက မဟာစည်ဆရာတော်ကြီး တာဝန်ပေးတာနဲ့ အမေရိကမှာ သာသနာပြုဖို့ နေခဲ့တာပေါ့။ အဲဒီနောက် အမေရိကမှာ အနေများသွားတာ" စသဖြင့် မိန့်ကြားတော်မူခဲ့ပါတယ်။

မောင်မြင့်အေးရေ . . .

သို့ကလို ပူဇော်သင့်ပူဇော်ထိုက်တဲ့ ပညာရှိသူတော်ကောင်းပုဂ္ဂိုလ်တွေကို နိုင်ငံတော်က ပူဇာစပူဇနေယျာနံ ဆိုတဲ့ (၃၈) ဖြာမင်္ဂလာတရားတော်နဲ့အညီ ဂုဏ်ပြုပူဇော်တာဟာ အလွန်သင့်လျော်ကောင်းမြတ်တဲ့ ချီးကျူးဂုဏ်ပြုမှုပဲကွဲ့။ နှစ်သစ်မင်္ဂလာမှာ မင်္ဂလာရှိပါပေတယ်။ ဗုဒ္ဓဘာသာဝင်မြန်မာနိုင်ငံသားတစ်ဦးဖြစ်တဲ့ ဘကြီးကောင်းအနေနဲ့လည်း ဝမ်းမြောက်နှမော် သာဓု ခေါ်ပါတယ်ကွယ်။

သာဓု သာဓု သာဓု။ ။

ကျမ်းကိုး -

အရှင်ကုသလ (ညောင်ရမ်း) ပြုစုသည့် "အရှင်ဇနကာဘိဝံသ၏ ဘဝစာပေနှင့် အနာဂတ် သာသနာ မျှော်မှန်းချက်များ"၊ ဓမ္မာစရိယ ဦးဌေးလှိုင်၏ "မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ"၊ သုခ၏ "ဓမ္မကထာ စာပဒေသာ"၊ မြသန်းစံ၏ "ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ၏ "ဘဝခရီးနှင့် ဓမ္မဆီမီး"။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မကျီးတန်းအရှေ့မြောက်ရပ်ကွက်နေ သန္တာအောင်(ခ)ဝဏ္ဏလှိုင်သည် ၎င်းအသုံးပြုသည့် “@thandaraung ၈၁၆” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်း၊ စက်ဆီ/ချောဆီ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ စားသောက်ကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ချောက်မြို့နယ်အတွင်း၌ တရားမဝင် ရေနံစိမ်း ၁၇၂ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၆,၀၀၀)နှင့် အဆိုပါ ရေနံစိမ်းအိတ်များ တင်ဆောင်လာသည့် ဆိုင်ကယ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၀၀၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ လည်းကောင်း၊ နတ်မောက်မြို့နယ်အတွင်း၌ Zhineng Wave 100 အမျိုးအစား လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မကွေးမြို့နယ် မကွေး-တောင်တွင်းကြီး ကားလမ်း မိုင်တိုင်အမှတ် ၃၁၈/၅ နှင့် ၃၁၈/၆ အကြားတွင် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင် ပျဉ်းကတိုးခွဲသား (၈.၂၉၁၂)တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၅၆၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၈၁၆၀၀)ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်မြို့ နမ့်အွမ်ကျေးရွာနှင့် ကောင်းခါးကျေးရွာအကြား မိုင်တိုင်အမှတ်(၁၆၅/၁)အနီး၊ ပြည်ထောင်စုလမ်းမကြီးတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်ဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးဆေးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၇၃၄၀၀)၊ Kenbo အမျိုးအစား ဆိုင်ကယ် လေးစီးနှင့် Canda အမျိုးအစား ဆိုင်ကယ် ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) နှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၇၃၄၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် ဇန်နဝါရီ ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသော Balmerol အမှတ်တံဆိပ် စက်ဆီ/ချောဆီ ၂၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၉၃၉၂၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(ကုန်လှောင်ရုံ)၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသော အထည်အလိပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၈၇၈၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၂၇၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ (၄၉.၉၉၇၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၅၁၄၆၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၅၅၉၁၆၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်ဖမ်းဆီးရမိ



**နေပြည်တော် ဇန်နဝါရီ ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂ ရက်မှ ၈ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၉၉ ဒသမ ၂၅၈၀ တန်၊ သစ်မာ ၇၁ ဒသမ ၅၈၈၄ တန်၊ အခြား ၂၄ ဒသမ ၀၄၈၉ တန် စုစုပေါင်း ၁၉၄ ဒသမ ၈၉၅၃ တန်၊ ယာဉ်/ယန္တရား ၂၃ စီး၊ တရားခံ ၁၈ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ရေတာရှည်မြို့နယ်၌ အရက်သေစာအတူသောက်စားပြီး စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ဇန်နဝါရီ ၇ ရက်က အရက်သေစာ အတူသောက်စားပြီး စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၇ ရက် ည ၈ နာရီခန့်က ရေတာရှည်မြို့နယ် (၄၇)မိုင်ကျေးရွာနေ ဇော်မင်း(၂၂ နှစ်)သည် မြို့လှမြို့ သဲကောကျေးရွာနေ ချစ်မင်းကို(၂၃ နှစ်)နှင့်အတူ တောထဲ၌ ဝါးခုတ်ပြီး အရက်သေစာအတူသောက်စားကာ စကားများရန်ဖြစ်ရာ ချစ်မင်းကိုက ဇော်မင်းအား ဝါးရင်းတုတ်ဖြင့် ရိုက်ခဲ့သောကြောင့် ဇော်မင်းတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ ချစ်မင်းကို အား သာဂရနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## ညောင်တုန်းမြို့နယ်၌ ထမင်းပေါင်းအိုးတည်ထားရာမှ အပူလွန်ကဲ၍ ဝိုင်ယာရှော့ခ်ဖြစ် မီးလောင်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဇန်နဝါရီ ၉ ရက်က ထမင်းပေါင်းအိုးတည်ထားခဲ့ရာမှ အပူလွန်ကဲ၍ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားသည်။

ညောင်တုန်းမြို့ အမှတ်(၈)ရပ်ကွက်နေ ရန်နိုင်ဝင်း(၄၅ နှစ်)၏ နေအိမ်၌ ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ညောင်တုန်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မီးသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် သုံးစီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ရာ မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်ကို စိစစ်ခဲ့ရာ နေအိမ်မီးဖိုဆောင်ရှိ ထမင်းပေါင်းအိုးတည်ထားခဲ့ရာမှ အပူလွန်ကဲ၍ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးစတင်လောင်ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် လူနေအိမ်သုံးလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် ရန်နိုင်ဝင်းအား ညောင်တုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၁-၂၀၂၃ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** တောင်တန်းသာသနာပြုဆရာတော် ဘုရားကြီး၏ ပရိတ်တရားတော်(ဝဋ္ဋသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ARSA အကြမ်းဖက်အဖွဲ့ရဲ့လုပ်ရပ်
**၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ "**စိုက်ပျိုးရေးကိုအခြေခံတည်တန့်ဖိုးရှိတဲ့ မြန်မာ့ထုတ်ကုန်သီ**"
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၁၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၁:၄၅** ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၁၂:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ "**ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း**"(အပိုင်း-၅၀)
**၁၃:၀၀** သီချင်းကြိုးပဒေသာ
**၁၃:၁၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ "**အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချီတက်**" (အပိုင်း-၂၄)
**၁၆:၁၅** အသိပညာနှင့်အမှန်တရား "**ပျော့ရွှင်အောင်မြင်မှုအတွက် စွန့်လွှတ်ရမည့် အကျင့်များ**"
**၁၇:၄၀** တစ်မူထူးခြားသစ်သားနှင့် Resin ပေါင်းစပ်မှုအလှတရား
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၅** နိပါတ်တော်လာဇာတ်သဘင်မဟာ "**သောတ္တိသေန သမ္ဘူလ**"
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ "**ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း**"(အပိုင်း-၅၄)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ရုပ်စုံသဘင်ပြိုင်ပွဲ)(ဝါသနာရှင်(ပထမတန်း) အဆင့်)(တတိယဆု) "**ငါးပါးဒအကွရာဇာတ်တော်ကြီး**" "**ပန်းသိင်္ဂါအဖွဲ့**"(မန္တလေးတိုင်းဒေသကြီး)

**mitv**

**07:02** Evergreen Classic: Awayyar Horntu (Sein Lei Lei)
**07:08** Listening Pleasure, Instrumental Music (Banjo) Pyoh Maung Phone
**07:20** TECH School
**07:27** Mon Traditional Dishes
**07:38** Myanmar Tradition of Lotus Flower
**08:01** News
**08:27** Colonial Buildings and a New Yangon
**08:34** Sayit-wyne Girls
**09:01** Mosaic Painting (Precious Stones & Gems)
**09:17** Excavation at Kawhmu
**09:27** Artist Life: Designer Nay Chi Win Lai Yee
**09:44** Home for the Beautiful Star Tortoises
**10:01** News
**10:27** Topical Topics (No.27) The Strength of the Nation lies Within & Eliminate Illegal Trade

**MRTV NRC**

**ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
နွားနောက်မြီးစွပ်ပြုတ်

**ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ဝိတ်ိုရိယတောင်(ခေါ်)ခေါ်နူးစုမ်

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
အောင်မြင်ဖြစ်ထွန်းနေသည့်မော်လမြိုင်ကျွဲကော

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိရခိုင်ဟင်းလျာများ (အပိုင်း-၁)

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
နှစ်ပေါင်းရှည်ကြာတည်မြဲပါတဲ့အိုးလက်ရာ

**'ဝ' (၁၄:၀၀ မှ ၁၆:၀၀)**
ဟင်းနုနွယ်နှင့်ကျန်းမာရေး

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
အလှမှာယဉ်ဆေးဖက်ဝင်တဲ့တရုတ်စကားပွင့်လေးများ

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု

**ဝကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ဒူးရင်းသီး

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်ဒီဇိုင်နာဟိဟိနှင့်တွေ့ဆုံမေးမြန်းခြင်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၁၀** နိုင်ငံတကာသတင်း(LIVE)
**၀၈:၄၅** ပြည်သူ့အကျိုးပြုထားဝစဉ်ရှေးရှု ပွံ့ဖြိုးစည်ပင် စစ်ကိုင်းမြို့တစ်ခွင်
**၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၂:၁၀** နိုင်ငံတကာသတင်း(LIVE)
**၁၃:၁၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၇:၁၀** နိုင်ငံတကာသတင်း(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၀:၁၀** နိုင်ငံတကာသတင်း(LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၁၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**ဒဏ်**"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၁၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း(၄)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (**ထိုင်းနိုင်ငံ**)
**၁၁:၁၀** "အတွေးအမြင်"(အပိုင်း-၄)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၁၀** ဆန်အရည်အသွေးနှင့်စားသုံးမှု အရည်အသွေးတို့အားတောင်သူများပူးပေါင်း ပါဝင်လေ့လာအကဲဖြတ်ခြင်း
**၀၇:၁၀** စိုက်ပျိုးရေးကိုအခြေခံတည်တန့်ဖိုးရှိတဲ့ မြန်မာ့ထုတ်ကုန်သီ
**၀၇:၅၀** မြေပဲစိုက်ပျိုးဝင်ငွေတိုး
**၀၈:၂၀** 'ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ'
**၀၈:၅၅** "ပြုံးပန်းဝေဖြာတို့တောရွာ"
**၀၉:၀၀** အောင်မြင်နေသောစီမံကိန်း မြန်မာ့ဆယ်မားအူးလ်အွန်ဒုန်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၁၀** Soccer View/ Weekly Sports Info/ Sports Diary
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်



နေပြည်တော် ဇန်နဝါရီ ၁၀

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် နယ်မြေခံတပ်ရင်းခန်းမ အသီးသီး၌ ပြုလုပ်ရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် အဖွဲ့ဝင်များ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားများ ပြောကြားသည်။ ထို့နောက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ တင်ပြချက်များကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကာ(**အပေါ်ပုံ**) ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုဏ္ဏားကျွန်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးမည့်တောင်သူများအား ဓာတ်မြေဩဇာရောင်းချပေး

**ပုဏ္ဏားကျွန်း ဇန်နဝါရီ ၁၀**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဆောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ကိုရီးယားဓာတ်မြေဩဇာများ ဖြန့်ဖြူး ရောင်းချခြင်းကို ဇန်နဝါရီ ၉ ရက်က ပုဏ္ဏားကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဓာတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချပေးသည်။

ထိုသို့ဖြန့်ဖြူးရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်စံဝင်းက ၂၀၂၂-၂၀၂၃ ခုနှစ် ကျေးရွာအုပ်စုအလိုက် စတုတ္ထအကြိမ် ခွဲတမ်းတွင် ပါဝင်သည့် ဆောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများအတွက်သာ ဦးစားပေး ရောင်းချပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး ဆောင်းသီးနှံစိုက်ပျိုးနေသည့် ကျေးရွာအုပ်စု ကိုးအုပ်စုသို့ ဓာတ်မြေဩဇာ အိတ် ၂၅၀ ကို ဖြန့်ဖြူးရောင်းချပေးကြောင်း သိရသည်။ **နီထွန်းအောင်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၁ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၂၂၀၇၈၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၂၂၀၄၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၈၇၄ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၈၇၁ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၅၅ ကျပ် | ၂၃၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၃၅ ကျပ် | ၂၃၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၉၅ ကျပ် | ၂၀၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၆၀ ကျပ် | ၂၁၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၅၅ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၈ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၂ . ၆၁၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၉၂ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၈၀ . ၂၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၉ . ၉၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၄၉ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၆၅၉ | ၅၇၃၃၃၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၃၉၂၃ | ၁၃၀၆၅၉၀၀ |
| MCB | ၇၄၀၀ | ၇၄၀၀ | ၄၉ | ၃၆၃၅၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀၀ | ၄၉၀၀ | ၁ | ၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံ တပ်မတော်သားများက တန်ဖိုးသင့် ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။



ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ်လေးမြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နှင့် ကော့သောင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် အမ်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေကွက်အမှတ် (ဥ-၅၄၃၁)၊ ဧရိယာ ဝ.ဒသမ၂၃၆ဧကရှိ မြေကွက်နှင့်ပတ်သက်၍ ဒိုင်းမွန်းမာကျူရီကုမ္ပဏီ၏ကိုယ်စား ၆-၉-၂၀၂၁ရက် ဒါရိုက်တာ အစည်းအဝေးမှတ်တမ်းအရ ဦးစောဒေးဗစ်ကျော်(ဘ)ဦးတင့်ကျော် ၁၂/အစန(နိုင်)၀၆၃၉၀၅မှ ကျွန်တော် ဦးယဉ်ထွေး ၁၃/ရစန(နိုင်)၀၀၄၈၁၉အား ပျဉ်းမနားမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ် (၂၂၁/၂၀၂၂) ၂၆-၅-၂၀၂၂ရက်စွဲဖြင့် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို ယနေ့သတင်းစာကြေညာစာပါသည့်ရက်မှစ၍ အပြီးပိုင်ရုပ်သိမ်းကြောင်း ကြေညာလိုက်ပါ သည်။

**ဦးယဉ်ထွေး ၁၃/ရစန(နိုင်)၀၀၄၈၁၉**
**ဖုန်း-၀၉-၄၃၀၁၅၉၁၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၃၀၆)၊ (၅)လွှာ(ခေါင်းရင်းခန်း)၊ (၁၅x၅၀)ပေ အကျယ်အဝန်းရှိ တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားဒေါ်စန်းစန်းမြင့် ၁၂/စခန(နိုင်)၀၄၇၈၁၅ကိုင်ဆောင်သူမှ မိမိတရားဝင်ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်လှကေသီ၁၂/လသန(နိုင်)၀၁၀၇၄၇ကိုင်ဆောင်သူမှဝယ်ယူရန်သဘောတူညီသောကြောင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ပါက ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းတို့ဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှကေသီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးသန္တာလင်း(LL.B,DBL,DML)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၂၈)**
**အမှတ်(၂၃၁)၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်(အနောက်)ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

# ကျောက်ဖြူမြို့၌ (၅) နှစ်မြောက် ကျောက်ဖြူဘိုးဘွားရိပ်သာ နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**ကျောက်ဖြူ ဇန်နဝါရီ ၁၀**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ (၅) နှစ်မြောက် ကျောက်ဖြူဘိုးဘွားရိပ်သာ နှစ်ပတ်လည်နေ့ကို ဇန်နဝါရီ ၈ ရက်က တောင်ရင်းရပ်ကွက်ရှိ အဆိုပါရိပ်သာ၌ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားတက်ရောက်လာကြသူများက ငလပွေ့ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူပြီး ဘိုးဘွားများနှင့် တရားနာပရိသတ်များက သံဃာတော်အား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ငလပွေ့ ဆရာတော်ဘုရားက ဩဝါဒကထာ ချီးမြှင့်တော်မူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဘိုးဘွားရိပ်သာ၌ နေထိုင်လျက်ရှိသည့် အဘိုး အဘွားများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအား အဆင်ပြေစေရန်အတွက် ခရိုင်အဆင့် ဌာနဆိုင်ရာများက စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၅၈၀၀၀၀ ကျပ်ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲလင်းမောင်နှင့် အဖွဲ့ဝင်များက ဘိုးဘွားရိပ်သာ အကျိုးတော်ဆောင်အဖွဲ့ ခေါင်းဆောင်ထံသို့ ပေးအပ်လှူဒါန်းသည်။ ထိုသို့လှူဒါန်းမှုကို လစဉ်တိုင်းတွင်လည်း ဆက်လက်လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လင်းအိမ်ငယ်ရဲ့အဇ္ဈတ္တအလွန် ပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၁၀**

ပန်းချီစိုးမောင် (အမရပူရ) ၏ လင်းအိမ်ငယ်ရဲ့ အဇ္ဈတ္တအလွန် အမည်ရ ပထမအကြိမ် တစ်ကိုယ်တော် ပန်းချီပြပွဲကို ဇန်နဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ အောင်မြေသာစံ မန္တလေးတောင် ပန်းချီပြခန်း၌ ကျင်းပမည်ဖြစ်သည်။

ပန်းချီကားများကို ဘဝ၊ ဒဿန၊ရသ အလှတရား ၊ နှလုံးသားနှင့် ကြိုးစားရေးဖွဲ့ တင်ပြထားသည်ဟု ပန်းချီဆရာက ပြောသည်။ ပြပွဲကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်ရာ မည်သူမဆိုလာရောက် ကြည့်ရှုလေ့လာနိုင်ရန် ဖိတ်ခေါ်ထားသည်။ **ခင်ခင်ဝင်း(ပညာရေး)**



# မူဆယ်မြို့၌ အိမ်ထောင်စုလူဦးရေစာရင်း မှန်ကန်စေရေး တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း ကောက်ယူခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်

**မူဆယ် ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် မြို့ပေါ်ရပ်ကွက်/ ကျေးရွာအုပ်စုများတွင် အိမ်ထောင်စုရှိ လူဦးရေစာရင်းနှင့် မြေပြင်လူဦးရေစာရင်းများ တိကျမှန်ကန်မှု ရှိစေရေးတို့ကို တိုက်ဆိုင် စစ်ဆေးခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်သည်။



အဆိုပါ မြေပြင်စာရင်း ကွင်းဆင်း ကောက်ယူမှု အခြေအနေကို မူဆယ်ခရိုင် (Working Group) မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် တကွ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် တာဝန်ရှိသူများက မြေပြင် ကွင်းဆင်းစစ်ဆေးသည်။ **(အပေါ်ပုံ)** ထိုသို့ ကောက်ယူ စစ်ဆေးခြင်းကို ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ကွင်းဆင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **ချယ်ရီမြေ(မူဆယ်)**

# တိမ်ပလီတဲ့ ပုဂံနေရီရီ ပန်းချီပြပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းနာယက ပန်းချီစိုးမြင့်ဒွဏ်း၏ စတုတ္ထအကြိမ် တစ်ကိုယ်တော်ပန်းချီပြပွဲကို အမှတ် (အမှတ်၁၅-၂၀)၊ ဂျိုးဖြူလမ်း အောင်ဆန်းအားကစားကွင်းမြောက်ဘက်ရှိ OK ART GALLERY ၌ ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ပြသမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ပန်းချီပြပွဲအမည်မှာ "တိမ်ပလီတဲ့ ပုဂံနေရီရီ" ဖြစ်ပြီး ရှေးဟောင်းသမိုင်းဝင် ပုဂံဘုရားပုထိုးများ၏ ပုံရိပ်များကို နေဝင်ဆည်းဆာအလှတရားများနှင့် တွဲဖက်ဖန်တီးရေးဆွဲထားသော ပန်းချီကားများဖြစ်ကြောင်း ဆီဆေးဖြင့် ရေးဆွဲထားသော ပန်းချီကားပေါင်း ၂၅ ကား ပြသမည်ဖြစ်ပြီး (၁၈x၂၄) လက်မနှင့် (၃၆x၄၂) လက်မ အရွယ်ပန်းချီကားကြီးများလည်း ပါဝင်ကြောင်း သိရသည်။ **ခင်ဆွေနှင်း(ပြန်/ဆက်)**



## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/ 1690 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/ 1564 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/4623 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/14758 Suzuki Smash 110 M/C ယာဉ်လက်ဝယ်ရှိသူ CHINDWIN AYEYAR CONFLUE CO.,LTD က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၁၉ ဆူ | ၂၀၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၉ ခန်း | ၃၈၆ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၆ ခု | ၅၂၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၈ ကျင်း | ၂၀၅၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၃ ကျင်း | ၅၈၈၇. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၅၃၂၈ သိန်း | ၁၇၂၃၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၄. ၇၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၁၇. ၀၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၄၆၆. ၁၂ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၆၅၈. ၃၄ | ၁ | - | ၁ |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၃၁၂ စုံ | ၁၈၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ဒုတိယဦးစီးမှူးရာထူး ရေးဖြေစာမေးပွဲ အောင်မြင်သူများအား လူတွေ့မေးမြန်းခြင်း စစ်ဆေးမည့်ရက် အသိပေးခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၁၈) နေရာအတွက် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ရေးဖြေစာမေးပွဲ အောင်မြင်သူများစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

| | | | | |
|---|---|---|---|---|
| (၁) FRD-003 | (၁၁)FRD-035 | (၂၁)FRD-055 | (၃၁)FRD-096 | (၄၁)FRD-167 |
| (၂) FRD-007 | (၁၂)FRD-036 | (၂၂)FRD-057 | (၃၂)FRD-098 | (၄၂)FRD-179 |
| (၃) FRD-013 | (၁၃)FRD-037 | (၂၃)FRD-068 | (၃၃)FRD-111 | (၄၃)FRD-185 |
| (၄) FRD-020 | (၁၄)FRD-039 | (၂၄)FRD-073 | (၃၄)FRD-133 | (၄၄)FRD-198 |
| (၅) FRD-022 | (၁၅)FRD-044 | (၂၅)FRD-076 | (၃၅)FRD-136 | (၄၅)FRD-201 |
| (၆) FRD-023 | (၁၆)FRD-050 | (၂၆)FRD-077 | (၃၆)FRD-142 | (၄၆)FRD-202 |
| (၇) FRD-025 | (၁၇)FRD-051 | (၂၇)FRD-078 | (၃၇)FRD-144 | (၄၇)FRD-204 |
| (၈) FRD-030 | (၁၈)FRD-052 | (၂၈)FRD-079 | (၃၈)FRD-146 | |
| (၉) FRD-031 | (၁၉)FRD-053 | (၂၉)FRD-080 | (၃၉)FRD-156 | |
| (၁၀) FRD-034 | (၂၀)FRD-054 | (၃၀)FRD-088 | (၄၀)FRD-164 | |

၂။ ရေးဖြေစာမေးပွဲ အောင်မြင်သူများအား လူတွေ့မေးမြန်းခြင်းကို ၂၃-၁-၂၀၂၃ ရက်နေ့ (စနေနေ့)၊ နံနက် ၀၉:၀၀ နာရီမှစ၍ ရုံးအမှတ် (၃၄)၊ နေပြည်တော်တွင် စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တိုင်းဒေသကြီး / ပြည်နယ်ရုံးများမှ ဖြေဆိုမည့်သူများအနေဖြင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်ရုံးများသို့ ၂၀-၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထားပြီး သတင်းပေးပို့သွားရန်နှင့် ရုံးချုပ်၊ နေပြည်တော်တွင် ဖြေဆိုမည့်သူများသည် ရုံးအမှတ် (၃၄)၊ နေပြည်တော်သို့ လူကိုယ်တိုင် လာရောက်ဖြေဆိုရန် ဖြစ်ပါသည်။

၃။ လူတွေ့စစ်ဆေးမှုခံယူရန် လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်၊ ဘွဲ့လက်မှတ် (သို့မဟုတ်) ယာယီဘွဲ့ ထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ် မူရင်းများအား တစ်ပါတည်းယူဆောင်လာရန်ဖြစ်သည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/စီမံကိန်း၂)၊ ဗိုလ်တာရာ (၁)လမ်း၊ မြေကွက်အမှတ်(၁၈၁) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ (၆)ထပ်တိုက်အနက်မှ (ပထမထပ်/ခြေရင်းခန်း) အကျယ်အဝန်း (၁၅ပေခွဲ × ၄၃ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်အရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ထက်ဦးဝေ (၁၂/သဃက(နိုင်)၂၀၄၅၅၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ (စဥ်-၄၃၆၈၈)
Ph,09421746974

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေရေိယာ(၀ဒသမ၀၅၅)ဧကရှိ ဦးထွန်းမြင့် ၆/ရဖန(နိုင်) ၀၁၈၈၅၈ (ဘ) ဦးဖေကြိုင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၀၄၀၁)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၆၃/၂၀၁၆(၈-၁၂-၂၀၁၆)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမိုးမင်းထွဋ် ၉/ပမန(နိုင်) ၁၂၇၃၄၈(ဘ) ဦးမိုးသူမှ ဒေါ်မေမီဇော် ၁၄/ပပတ(နိုင်) ၁၆၇၃၁၅နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဝယ/၇၅၇၄၀, Honda Click 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူထွန်း ၆/ထဝန(နိုင်) ၁၀၄၇၁၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/11797, Honda CB400 Super ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြကြူ ၆/လလန(နိုင်)၀၁၃၆၈၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/11876, Honda Wave -100 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်လှ ၆/လလန(နိုင်)၀၁၆၃၁၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကြိမ်သာကျေးရွာနေ (ဘ) ဦးလှသိန်းထွန်း၏သား၊ မောင်အောင်အောင်(ခ) မောင်ရဲလင်းအောင် ၁၁/ရသတ(နိုင်) ၁၁၆၁၈၃၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၉-၂၀၀၃ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၅၇၅၆၁, Honda Dream -125 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်သူရကျော် ၆/ထဝန (နိုင်)၁၂၁၇၃၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၂၃၄၆၀, Honda Dream -125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၆/သရခ(နိုင်) ၀၂၆၇၈၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

**စာအုပ် စာပေ လူ့မိတ်ဆွေ**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရေနီမြို့၊ အလက(ခွဲ) သရက်ကုန်း၊ Grade-9မှ မောင်အောင်ကိုကိုမြတ်၏ ဖခင် ဦးအောင်ဇော်ထွန်း၏အမည်မှန်မှာ ဦးဟံဇော်ထွန်း ၇/ရတရ(နိုင်)၁၂၇၉၁၄ ဖြစ်ပါကြောင်း။

**ဦးဟံဇော်ထွန်း**

### မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သိုင်းဝကျေးရွာအုပ်စု၊ အထက(သိုင်းဝ)၊ Grade-11 မှ မသဇင်၏ မိခင်အမည်မှန်မှာ ဒေါ်စမ်းစမ်းအေး ၇/ရတရ(နိုင်) ၀၉၂၀၀၂ ဖြစ်ပါကြောင်း။

**ဒေါ်စမ်းစမ်းအေး**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တကက လေးမင်းထွန်း (ကိုယ်ပိုင်အမှတ် ၉၁၃၀၀၁)၊ မှတ်ပုံတင်အမှတ် ၈/မဘန(နိုင်)၀၁၃၀၈၆ (ဘ)ဦးကြီးလှ အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၂၀၅၄ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင် အမွေခံဇနီးဖြစ်သူ ဒေါ်မြတ်သီရိအောင် ၁၂/ဗဟန(နိုင်)၀၉၄၈၄၀ (ဘ) ဦးလှမြင့်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေး သွင်းချလန်မိတ္တူ၊ တကက လေးမင်းထွန်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁/ပုဗ္ဗသီရိ မြောက်ရပ်၊ သုခဒီပ ရပ်ကွက်မှ မြေဧရိယာ ဝဒသမ ၀၅၅ဧကရှိ ဦးမြတ်လွင်ဦး ၁၂/မရက(နိုင်)၀၆၃၇၂၀(ဘ) ဦးမြအောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၃၃၉၄၄)ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၄၁၀/၂၀၂၂(၁၅-၁၁-၂၀၂၂)ဖြင့် မြေကွက် အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဒေါ်ထွန်းအိန္ဒြာဗိုလ်ဌေး ၁၃/ကတတ(နိုင်)၀၀၄၈၄၄ (ဘ)ဦးဘိုဌေး မှ ဦးသက်မောင် ၇/ပခန(နိုင်) ၁၃၈၀၁၉ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဒေါ်သူဇာမြင့် ၉/ပမန(နိုင်) ၀၅၁၈၈၉ (ဘ)ဦးခင်မောင်အေး အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၃၂၅၆၁)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၇၉၈/ ၂၀၂၂ (၂၃-၈-၂၀၂၂)ဖြင့် မြေကွက် အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခိုင်သက်ဝင်း ၉/အမဇ (နိုင်)၀၁၉၈၄၅ (ဘ) ဦးသာထွန်းအောင်ဝင်းမှ ဒေါ်ခင်စန္ဒီဝင်း ၉/အမဇ(နိုင်) ၀၅၂၂၈၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဦးမျိုးဝင်း ၁၂/တမန(နိုင်) ၀၉၆၂၂၀ (ဘ)ဦး နေဝင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၂၃၂၅)ကိုနေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ် လွှဲစာအမှတ် ၁၂၃/၂၀၁၇(၂၇-၁-၂၀၁၇)ဖြင့် မြေကွက်အမည်ပေါက်၏ အထူး ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးအယ်လ်ဗစ်ဖြိုးနိုင် ၉/မခန(နိုင်) ၁၈၁၈၀၉ (ဘ)ဦးအောင်ဖြိုးမှ ဒေါ်အေးငယ်ငယ်စိုး ၉/စကတ(နိုင်)၀၉၀၂၃၈နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန ၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### မွေးသက္ကရာဇ်အမှန်

ကျိုက်လတ်မြို့၊ မရမ်းကလေးကျေးရွာနေ ဦးလှစိန်၏ သမီး မခင်မင်းသဇင် ၁၄/ကလန(နိုင်)၁၆၆၇၃၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၉-၁၉၉၄ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့၊ ရပ်ကွက်(၅)၊ အုပ်စု(၉)နေ ရှောလမုန်၏ ဖခင်ဦးကျစီး(ခ)ကျာဆီးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၊ ဝက်တိုးလေးကျေးရွာအုပ်စု၊ ရေတွင်းကုန်းရွာနေ မောင်နေထက်လင်း၏ ဖခင် ဦးညွှန့်ဝင်း (ခ) ဦးညွှန့်ဝင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ အင်္ဂလာကျေးရွာနေ မောင်ရဲနိုင်လင်း၏ဖခင် ဦးချိုလေး(ခ) အေးလွင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင်ကျေးရွာ၊ တံတားဦးရပ်ကွက်နေ မောင်ထက်ပြည့်စုံဦး၏ ဖခင် ဦးခွန်အောင်ကျော်ဦး(ခ) အောင်ကျော်ဦး- မိခင် ဒေါ်မြမြစန်း (ခ) ဒေါ်စန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဝါးတိုးအုပ်စု၊ သီလဝ(၂) ရပ်ကွက်နေ မောင်အာကာတင်သိန်း၏ ဖခင် ဦးအောင်တင်သိန်း(ခ) ဦးအောင်သိန်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန် အသိပေးကြေညာခြင်း

ပခုက္ကူမြို့နယ်၊ ကျွဲတဲကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၃၄၀/စိုတွင်းကွင်း)၊ ဦးပိုင်/မြေကွက်အမှတ်(ဘီ-၆၉၈၊ ဘီ-၆၉၉၊ ဘီ-၇၀၀၊ ဘီ-၇၀၁၊ ဘီ-၇၀၂၊ ဘီ-၇၀၅၊ ဘီ-၇၀၆၊ ဘီ-၇၀၇၊ ဘီ-၇၀၈၊ ဘီ-၇၀၉)ရှိမြေကွက်(၁၀) ကွက်အား အစိုးရမူလတန်းကျောင်း၊ အမှတ်(၂၉)၊ စိုတွင်းကျေးရွာအမည်ဖြင့် မြို့မြေနေရာရှာဖွေရေးနှင့်ချထားရေးအဖွဲ့၊ ပခုက္ကူမြို့မှ (၂၅-၁၀-၁၉၉၃) ရက်စွဲပါစာအမှတ် ၂၅၀/မြို့မြေ-၁/၉၃ဖြင့် ရရှိခဲ့သောမြေကွက်များဖြစ်ပါသည်။ အဆိုပါဝိုင်းမြေကွက်(၁၀)ကွက်အနက်မှ ဦးပိုင်/ မြေကွက်အမှတ်(ဘီ-၇၀၇၊ ဘီ-၇၀၈)ရှိ ဧရိယာ(၀ဒသမ၁၁၀)ဧကအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ထံမှ လွှန်ခဲ့သော(၁၅) နှစ်ကျော်ခန့်ကတည်းက (၁၄-၁၁-၂၀၀၇)ရက်တွင် ပခုက္ကူမြို့နယ်၊ ကျွဲတဲအုပ်စု၊ မြို့သစ်ရပ်၊ ကံ့ကော်လမ်းနေ ဒေါ်ခင်မိမိ ၈/သရန (နိုင်)၀၀၃၇၀၂မှ အရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး စဉ်ဆက်မပြတ်လက်ရှိနေထိုင်အကျိုးခံစားလာခဲ့သည်မှာ ယနေ့အချိန်ထိ ဖြစ်ပါသည်။ အထက်ပါ ဦးပိုင်/မြေကွက်အမှတ်(ဘီ-၇၀၇၊ ဘီ-၇၀၈)ရှိ ဧရိယာ(၀ဒသမ၁၁၀)ဧကအား ကျွန်မ ဒေါ်ခင်မိမိ ၈/သရန(နိုင်)၀၀၃၇၀၂ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေး လျှောက်ထားမည်ဖြစ်၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သည့် မည်သည့်ပုဂ္ဂိုလ်မဆို ခိုင်လုံသော တရားဝင်စာရွက်စာတမ်းအထောက်အထားများဖြင့် မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာစာပါသည့် ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း သက်ဆိုင်ရာ ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန (ယခင် မြို့နယ်မြေစာရင်းဦးစီးဌာန)တို့၌ တရားဝင်စာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက် ကန့်ကွက်ခြင်းများမရှိပါက ကျွန်မဒေါ်ခင်မိမိ၈/သရန(နိုင်)၀၀၃၇၀၂အမည်ဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ရရှိရေး ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လျှောက်ထားတင်ပြသူ-
ဒေါ်ခင်မိမိ ၈/သရန(နိုင်) ၀၀၃၇၀၂
မြို့သစ်ရပ်၊ ကျွဲတဲကျေးရွာအုပ်စု၊ ပခုက္ကူမြို့နယ်
ဖုန်း-၀၉-၇၉၃၉၂၀၆၀၁

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀
### တောင်ကြီးခရိုင်တရားရုံး
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၄၁

ရိုးမဘဏ်လီမိတက် (တောင်ကြီးဘဏ်ခွဲ) (၎င်းဘဏ်၏ မန်နေဂျာ ဒေါ်နုယဉ်ယဉ်ဌေး) — တရားလို
နှင့်
၁။ ဦးစည်သူဝင်း
၂။ ဒေါ်ချိုလွင်ဦး — တရားပြိုင်များ

ပင်းတယမြို့နယ်၊ ရေဖြူကျေးရွာနေ ပင်းတယ-ရပ်စောက်သွားလမ်း၊ ပြည့်ဝသီးနှံရောင်းဝယ်ရေးလုပ်ငန်းနေ ဦးစည်သူဝင်းနှင့် ဒေါ်ချိုလွင်ဦး (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူ) များအား သိစေရမည်။

